# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ သောကြာနေ့၊ (23-2-2007) (၅၂၄၂)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၂၃

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၃)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၂၃

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၃)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းရှူး-မိုင်းနောင်-ခိုလမ်-နမ့်စန် လမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် သီးနှံစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဖေဖော်ဝါရီ   ၂၂

**ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မိုင်းနောင်တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။**

### မှာကြား

ထိုသို့ တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး နယ်မြေခံတပ် မိသားစုများအတွက် ထောက်ပံ့ငွေကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးအား ပေးအပ်ပြီး မိသားစုများအား အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ ဝမ်ဆင်း-ခိုလမ်၊ နမ့်စန်တို့ရှိ နယ်မြေခံတပ်ရင်းများ၌ တာဝန်ရှိသူများ၊ မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်းရှူး-မိုင်းနောင်-ခိုလမ်-နမ့်စန် လမ်းတစ်လျှောက် ဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် လမ်းဘေး ဝဲ၊ ယာ တောင်စောင်းများ၌ ဒေသထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် လမ်း၊ တံတား အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် နမ့်စန်မြို့မှ ဆက်လက်ထွက်ခွာလာကြပြီး လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ တာဝန်ရှိသူများအား တွေ့ဆုံရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က လမ်းတံတားပိုင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက **စာမျက်နှာ ၈ ကော်လံ ၄ သို့ ⇨**





### အမှာစကား ပြောကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းနောင် တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၃-၂-၂၀၀၇
(သောကြာနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်း တရားဝင်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုစီမံကိန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိရာ ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်း အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ ထိုနည်းတူစွာ ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများအတွက်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံအတွင်း၌ အသားတင်စိုက်ပျိုးမြေဧက ၂၉ သန်းကျော် တိုးတက်လာမှုနှင့်အတူ နှစ်စဉ်သီးနှံစိုက်ပျိုးနိုင်မှုမှာ ဧက ၄၆ သန်းကျော်ရှိသည်။ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ လယ်ယာကဏ္ဍတွင် အလုပ်လုပ်ကိုင်နေသူ ၂၂ သန်းကျော်ရှိသည်။

အလားတူ စက်ရုံအလုပ်ရုံအသစ်များ တည်ဆောက်ခြင်း၊ သွင်းကုန်အစားထိုး စက်ရုံအများအပြား ပေါ်ထွက်လာခြင်း၊ စက်မှုဇုန်များ ထူထောင်ပေးခြင်းတို့ကြောင့် စက်ရုံအလုပ်ရုံ ခြောက်ထောင်ကျော်ရှိ လုပ်ငန်းခွင်တွင် စက်မှုလုပ်သားပေါင်း လေးသန်းကျော်တို့ အလုပ်လုပ်ကိုင်လျက်ရှိသည်။

၂၀၀၅-၂၀၀၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုအပါအဝင် လုပ်ငန်းများ၌ လုပ်ကိုင်နေသူ ၃၄ သန်းကျော်ရှိသည်။ ထို့အပြင် ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး အတွက်လည်း ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ ၇၀ ကို အကျိုးဆောင်လိုင်စင်များ ချထားပေးပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် ဆက်သွယ်၍ အလုပ်အကိုင်ပေါင်း သုံးသောင်းကျော် ရှာဖွေပေးနိုင်ခဲ့သည်။

ယခုအခါ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ညှိနှိုင်းပြီး အလုပ်သမားအသစ်များ နယ်စပ်ဝင်ပေါက်များမှ တရားဝင် သွားရောက်လုပ်ကိုင်နိုင်ရေး၊ ယခင်က တရားမဝင်သွားရောက် အလုပ်လုပ်နေသူများအား တရားဝင်ဖြစ်စေရန် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး နည်းလမ်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသည် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ကြိုးပမ်းလျက်ရှိကြရာ နယ်စပ်ဒေသများ၌ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာမှု လုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နေကြပြီဖြစ်သည်။ ယင်းသို့ ပြည်တွင်း၊ ပြည်ပ၌ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလျက်ရှိချိန်တွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများသည် တရားဝင်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လုပ်ဆောင်ကြခြင်းဖြင့် လူကုန်ကူးခံရမှုများ၊ မတရားညှဉ်းပန်းနှိပ်စက်ခံရမှုများ၊ လုပ်အားခေါင်းပုံဖြတ်ခံရမှုများမှ ကင်းဝေးနိုင်မည် ဖြစ်ပါသည်။ ။

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိဘများအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ကျော်သူ(၁၇)လမ်းနေ ဦးစိန်မြင့်-ဒေါ်နွဲ့ရီ၊ သား မောင်အောင်သူမိုး၊ မောင်အောင်ကျော်မြင့်၊ ဒွေးငယ်ဝေမြင့် မိသားစုက ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင် ဆရာတော် အရှင်ဝိမလ (ကျောက်ဆည်) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)








# ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ မဟာဝိဇယသိမ်တော် သိမ်နုတ်ပွဲ၊ သိမ်သမုတ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ခရမ်းမြို့နယ်တာဝန်ခံ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီတွင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ အသစ်တည်ဆောက်လျက်ရှိသော သာသနဇောတိက မစိုးရိမ်တိုက်သစ်အတွင်း မဟာဝိဇယသိမ်တော် သိမ်နုတ်ပွဲ၊ သိမ်သမုတ်ပွဲနှင့် ဆရာတော်ဝိဇာတ မွေးနေ့မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။**(အပေါ်ပုံ)

အခမ်းအနားတွင် ဝန်ကြီးနှင့် မိသားစုက မဟာဝိဇယသိမ်တော်ကြီး တည်ဆောက်ခြင်း လုပ်ငန်းအတွက် ငွေကျပ်သိန်း ၁၀၀ မတည်လှူဒါန်းပြီး ကျန်အလှူရှင်များက ငွေကျပ် ၅၃၆ သိန်းနှင့် ငွေကျပ် ၁၇၇သိန်း တန်ဖိုးရှိ ဘိလပ်မြေအိတ် ၂၈၀၀၊ အုတ် ၃၀၀၀၀၊ သစ်နှင့် သံချောင်း ၂၁ တန်တို့ကို ပေးအပ်လှူဒါန်းကြသည်။

**လက်ခံ**

ထို့နောက် ဆရာတော်က မွေးနေ့အလှူအဖြစ် ခရမ်းမြို့ ပြည်သူ့ဆေးရုံ၌ အသုံးပြုရန်အတွက် ငွေကျပ်ရှစ်သိန်းတန် AIR SET ကိုလည်းကောင်း၊ ဆေးရုံခတ်ခွဲခန်း ဆောက်လုပ်ရန်အတွက် ဦးစိုးထွန်းရှိန်-ဒေါ်ခရေနွယ် (အာရှကြီးပွားကုမ္ပဏီ)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)၊ ဦးစိုးမြင့်အောင် (Easten Power ကုမ္ပဏီ)နှင့် ဒေါက်တာဒေါ်အေးအေး (ချိန်ကောင်းကုမ္ပဏီ)တို့က ငွေကျပ်သိန်း ၄၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ယမန်နှစ်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် မူလတန်းကျောင်း ၁၇ ကျောင်းနှင့် ချောင်းကူးတံတား သုံးစင်းတည်ဆောက်ခြင်း၊စက်ရေတွင်း ၃၁တွင်းတူးဖော်ခြင်းနှင့်မာလ်တီမီဒီယာတပ်ဆင်ပြီးသည့် အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း ရှစ်ကျောင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကိုမှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်က ယခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် စက်ရေတွင်း ၁၀တွင်း တူးဖော်ခြင်း၊ ကျီနီချောင် တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း၊ ပေါက်ပင်ကျေးရွာချောင်းကူးတံတား တည်ဆောက်ခြင်းနှင့် ခရမ်း၊ မက္ကသံ၊ ကန်ညီနောင်၊ ကျားဝင်း ဆက်သွယ်ရေးလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၇)ကို ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၉ ရက်က ပုသိမ်ခရိုင် စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

**ပေးအပ်**

ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက သင်တန်းဆင်းအမှာ စကားပြောကြားပြီး ထူးချွန်သောသူများအား ဆုများပေးအပ်သည်။**(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)



# ဘွဲ့တံဆိပ်တော်ရ သံဃာတော်များဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့(ရန်ကုန်)မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်နွယ်ဖွား သံဃာတော် အရှင်သူမြတ် ၂၃ပါးနှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရ လူပုဂ္ဂိုလ်တစ်ဦးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၃ ရက်(စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေထည့်ဝင်လိုသူများသည် ဥက္ကဋ္ဌ ဦးကျော်မင်း (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဖုန်း-၀၉၈၀-၃၄၉၆၃၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် (အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ)ဖုန်း-၀၉၉၉-၂၄၃၆၃၊ အတွင်းရေးမှူး ဦးဇော်အေးမောင် ဖုန်း-၀၉၅၁-၄၀၄၀၇နှင့် ဘဏ္ဍာရေးမှူး ဦးစောသိန်း ဖုန်း-၀၉၅၀-၀၁၃၀၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**




**မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် ငွေကျပ် ၁၄ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။** (က-ပ)





## သစ်တောသုတေသန အခြေခံနည်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**သစ်တောရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့(FAO)တို့ ပူးပေါင်းစီစဉ်သည့် သစ်တောသုတေသနလုပ်ငန်းများကို ဦးစားပေး သတ်မှတ်ရန်အတွက် လက်တွေ့အသုံးချနိုင်သော အခြေခံနည်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ ကျင်းပသည်။**

ဖွင့်ပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် FAO မှ ဌာနေကိုယ်စားလှယ်တို့တက်ရောက်ကြသည်။

အစီအစဉ်အရ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ FAO မှ နည်းပညာဆိုင်ရာ ပညာရှင် Dr. Simmathari Appanah က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနမှ သင်တန်းသား ၁၀ဦးတက်ရောက်ကြပြီး ဖေဖော်ဝါရီ ၂၄ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နွေရာသီ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၏ နွေရာသီ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို မတ် ၁၁ ရက် (တနင်္ဂနွေနေ့)တွင် လည်းကောင်း၊ သန်လျင်မြို့နယ် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် မတ် ၁၂ ရက်တွင်လည်းကောင်း၊ ပဲခူးတိုင်း ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် မတ် ၁၀ ရက် (စနေနေ့)တွင် လည်းကောင်း စတင်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်၍ ကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးထိန်လင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏(၂၃)နှစ်မြောက်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မင်းသား ဟာဂျီမိုဟာမက်ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## အောင်ဓမ္မရိပ်သာ အကြိုဓမ္မသဘင်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း သမိုင်းမရမ်းခြံ အောင်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ကျေးဇူးရှင် အောင်မင်္ဂလာဆရာတော်ကြီးနှင့် အောင်ဓမ္မ ဆရာတော်နှစ်ပါးအား (၂၇)ကြိမ်မြောက် ပူဇော်ပွဲနှင့် အောင်မင်္ဂလာအနန္တဂုဏ်ရည် ကျောင်းတော်သစ်ကြီး ရေစက်ချပွဲအခမ်းအနားကို (၁၃၆၈ခုနှစ် တပေါင်းလပြည့်)၊ မတ် ၂ရက် (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲနှင့် ရေစက်ချအခမ်းအနားများ၏ အကြိုတရားပွဲများကို ညစဉ် ၇နာရီမှစ၍ ဆရာတော်များက ဟောပြောချီးမြှင့်မည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် တိပိဋကဓရ ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ ၂၈ ရက်တွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နရပတိ၊ မတ် ၁ ရက်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)





## တရားစီရင်ရေးဆိုင်ရာ ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

နေပြည်တော်၌ ဖေဖော်ဝါရီ ၅ရက်မှ ၇ရက်များတွင် ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်တရားသူကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် မွန်ပြည်နယ် တရားသူကြီး ဦးမြင့်ဝင်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ တရားစီရင်ရေး ဆိုင်ရာ မိန့်ကြားချက်များ၊ တရားသူကြီးချုပ်၏ မှာကြားချက်များနှင့် အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ ထပ်ဆင့်ရှင်းလင်းတင်ပြပွဲသို့ မွန်ပြည်နယ် သထုံခရိုင် တရားသူကြီး ဦးဌေးမြင့်၊ မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်ခင်ဆွေထွန်းနှင့် မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၃၈ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် တာမွေမြို့နယ် ကျားကွက်သစ်လမ်း ကျောက်မြောင်းနေ ဦးအုန်းမြင့်-ဒေါ်ကြင်စမ်း၊ သမီး မိမိသက်နွယ် မိသားစုက သား မောင်စည်သူအောင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)




## လှူဒါန်း

**အဘိုး ဦးစိုးမြ၊ ဖခင် ဦးသိန်းမောင်၊ မိခင်ဒေါ်အေးစိန်တို့အား အမှူးထား၍ ဒေါက်တာအေးကျော်က ပြည်ပအဘိဓမ္မာပြန့်ပွားရေးအတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဥက္ကဋ္ဌ မဟာအာဘိဓမ္မိက ကလျာဏဉာဏဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးညွန့်စိန် လက်ခံယူစဉ်။**

(က-ပ)







## ထူးခြားသည့် ညအပူချိန်များ

**၂၂-၂-၂၀၀၇**

**ဟားခါး**
၀ ဒီဂရီစင်တီဂရိတ်

**ပင်လောင်း**
၁ ဒီဂရီစင်တီဂရိတ်

**လားရှိုး**
၃ ဒီဂရီစင်တီဂရိတ်

**ရန်ကုန်**
၁၉ ဒီဂရီစင်တီဂရိတ်

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၃-၂-၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ပေါင်းတတ်သင်းတတ် နေထိုင်တတ်ပါစေ တရားတော် (အရှင်ဆေကိန္ဒဆရာတော်) |
| ၈း၂၀ | Myanmar Video Rhythm |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | သဘာဝလက်ဆောင် စိမ်းပြာရေညှိထုတ်ကုန်များ |
| ၉း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၀၀ | ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | Music Talk (အိအိချွန်) |
| ၁၀း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၅ | နွဲ့နှောင်းလှပ မြန်မာ့အက(၃) |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | ပြည်နယ်အလှ ကျောက်ပြားသာကေ |
| ၁၁း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၃၅ | Yangon Panorama (Computer နက္ခတ်ဗေဒင်) |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ | ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ |
| ၁၂း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၃၅ | သတင်းကောင်း (သျှားညို၊ဆုပန်ထွာ၊ပွင့်) |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



ကမ္ဘာ့အကြီးဆုံး ခရီးသည်တင် ကွင်းမေရီ-၂ သင်္ဘောကြီးကို သြစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်း၌ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်နိုင်ငံတွင် ၁၉၅၁ခုနှစ်နောက်ပိုင်း ၂၀၀၆ ခုနှစ်သည် အပူနွေးဆုံးနှစ်ဖြစ်ဟုဆို

**ပေကျင်း ဖေဖော်ဝါရီ ၂၁**

၁၉၈၆ ခုနှစ်နောက်ပိုင်းတွင် ပုံမှန်အတိုင်း အေးခဲသည့် ဆောင်းတွင်းနှစ်ခုသာရှိခဲ့ပြီးသည့်နောက် လွန်ခဲ့သည့်နှစ်သည် ၁၉၅၁ခုနှစ်နောက်ပိုင်း အပူနွေးဆုံးသောနှစ်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ဒေသအများစုတွင် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် နှစ်ပတ်လည်အပူချိန်သည် သိသာစွာမြင့်တက်ခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက မိုးလေဝသမှ ကျွမ်းကျင်သူများကို ကိုးကား၍ ဖော်ပြသည်။

ရာသီဥတု အပြောင်းအလဲမြန်သည့် ကျင်ဟိုင်း-တိဘက်ကုန်းမြင့်ဒေသများရှိ ရာသီဥတုစောင့်ကြည့် လေ့လာသည့်စခန်း ၃၉ခုက ၂၀၀၆ခုနှစ်သည်ရာဇဝင်တွင်လောက်အောင် အပူချိန်မြင့်မားနေသည်ကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်မှာ သတိပြုစရာ ကောင်းလှသည်ဟု ဆင်ဟွာက ဖော်ပြသည်။

လေ့လာတွေ့ရှိချက်နှင့် ရာသီဥတုအပြောင်းအလဲအတွင်း တိုက်ရိုက်ဆက်နွှယ်မှု မရှိသော်ငြားလည်း ကမ္ဘာကြီးပူနွေးမှု၏ အဓိကအကြောင်းရင်းသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များကြောင့်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# ပါကစ္စတန်ရှိ ဓာတ်ငွေ့ပိုက်လိုင်း သောင်းကျန်းသူများက ဖောက်ခွဲ

**ကွက်တာ (ပါကစ္စတန်) ဖေဖော်ဝါရီ ၂၁**

သောင်းကျန်းသူများဟု သံသယမကင်းသူများက ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဓာတ်ငွေ့ပိုက်လိုင်းတစ်ခုကို အင်္ဂါနေ့က ဖောက်ခွဲသဖြင့် ဒေသအများစုသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေသည့်လုပ်ငန်းများ ပြတ်တောက်သွားခဲ့ကြောင်း ဓာတ်ငွေ့ကုမ္ပဏီတစ်ခုမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

**ဒဏ်ရာရရှိခြင်းမရှိ**

ကွက်တာမြို့ ဆင်ခြေဖုံးဒေသတွင် နံနက်စောစောက ဖြစ်ပွားသော ပေါက်ကွဲမှုတွင် မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းမရှိပေ။

**ပြောကြား**

သောင်းကျန်းသူများက ဖောက်ခွဲစရာပစ္စည်းများကို ဓာတ်ငွေ့ပိုက်လိုင်းအောက်တွင် ထားရှိခဲ့ရာမှ ပေါက်ကွဲခြင်းဖြစ်သည်ဟု နိုင်ငံပိုင် ဓာတ်ငွေ့ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ နာဝက်ဇ်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဘဂ္ဂဒက်တွင် သေဆုံးသူဦးရေမြင့်တက်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁**

မည်သူမှန်း မသိရသောအလောင်း ၂၀ ကို ဘဂ္ဂဒက်တွင် တနင်္လာနေ့က တွေ့ရှိရကြောင်း အီရတ်ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။ အီရတ်နိုင်ငံရှိ စစ်သွေးကြွများကို စတင်နှိပ်ကွပ်ပြီးနောက်ပိုင်း လူသေဆုံးသူ သိသိသာသာ နည်းပါးခဲ့ပြီးနောက် ယခုတစ်ဖန် နေ့စဉ် သေဆုံးသူဦးရေ ပြန်လည်မြင့်မားလာခဲ့ခြင်း ဖြစ်သည်။

အလောင်းများသည် ဂိုဏ်းဂဏသဘောအရ ပစ်သတ်ခံရခြင်းဖြစ်ပြီး နှိပ်စက် ညှဉ်းပန်းခံထားရသည်ကို တွေ့ရသည်။ ၎င်းတို့သည် ကြိုးဖြင့်တုပ်နှောင်ကာ သေနတ်ဖြင့်ပစ်ခတ်ခံရခြင်းဖြစ်သည်။ ရင်ခွဲရုံရှိ အလောင်းများတွင် ဗုံးဖောက်ခွဲခံရ၍ သေဆုံးသည့် အလောင်းများ မပါဝင်ပေ။

***အမ်အင်အေ၊ရိုက်တာ။***

# ကိုလံဘီယာရှိ မီးတောင်မှ ပြာများမကြာခဏမှုတ်ထုတ်နေ ပေါက်ကွဲမှုဖြစ်နိုင်၍ ဒေသခံများအား ရွှေ့ပြောင်းခိုင်း

**ဘိုဂိုတာ ဖေဖော်ဝါရီ ၂၁**

ကိုလံဘီယာနိုင်ငံဟွီလာပြည်နယ်ရှိ နီဗာဒိုမီးတောင်မှ ပြာများ မကြာခဏမှုတ်ထုတ်ပြီး အသေးစားမြေငလျင်လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ကာ အကြီးစား ပေါက်ကွဲမှု ဖြစ်လာနိုင်သည့်အတွက် ကိုလံဘီယာ အာဏာပိုင်များက အနီးအပါးရှိ ရွာနေလူထုအားနေရာရွှေ့ပြောင်းရန် တနင်္လာနေ့က အမိန့်ထုတ်ပြန်ခဲ့သည်။

**မျှော်လင့်ထား**

မိမိတို့အနေဖြင့်မီးတောင်ဆက်လက်ပေါက်ကွဲနိုင်သည်ဟု မျှော်လင့်ထားကြောင်း ကိုလံဘီယာဘူမိဗေဒဌာနမှ အကြီးအကဲနူနက်စ်ကပြောကြားသည်။

ယင်းအမိန့်ကြောင့် မီလာပြည်နယ်ရှိ ဒါမြစ်များအနီးမှ မြို့နေလူထုနှင့် မီးတောင် အကြီးစားပေါက်ကွဲမှု ဖြစ်ပွားပါက ကျောက်တုံးများ ပိကျနိုင်သည့် အန္တရာယ်ရှိသော အခြားပြည်နယ်မှ လူထုကို ဘေးကင်းရာသို့ ရွှေ့ပြောင်းရမည်ဖြစ်သည်။

တနင်္လာနေ့က မီးတောင်ပေါက်ကွဲမှုကြောင့် မြစ်တစ်စင်း၏ကမ်းနဖူးတွင် မြေပြိုကျခဲ့ပြီး အခြားနေရာများတွင်လည်း ပြိုကျမည်ကို စိုးရိမ်နေရသည်ဟု နူနက်စ်ကပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိသေးကြောင်းသိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

**ပါကစ္စတန်နိုင်ငံအစ္စလမ္မာဘတ်မြို့ တိရစ္ဆာန်ရုံရှိ ငှက်ကုလားအုတ်တစ်ကောင်ကို ဖေဖော်ဝါရီ ၂၁ရက်က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး ထိုးပေးနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# နိုင်ငံပိုင်ကုမ္ပဏီ အရေအတွက် အင်ဒိုနီးရှားတွင် လျှော့ချမည်

**ဂျကာတာ ဖေဖော်ဝါရီ ၂၁**

အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံပိုင်ကုမ္ပဏီများအနေဖြင့် ပိုမိုစွမ်းဆောင်နိုင်ရည်ရှိပြီး ပြိုင်ဆိုင်မှု ရှိလာနိုင်စေရန် အထောက်အကူပြုသည့် အနေဖြင့် လက်ရှိ လုပ်ကိုင်နေသည့် နိုင်ငံကုမ္ပဏီ ၁၃၉ ခုမှ ၆၉ ခုအထိ လျှော့ချရန် အင်ဒိုနီးရှားအာဏာပိုင်များ စီစဉ်နေကြောင်း သည်ဂျကာတာပို့စ် သတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

**လွှဲပြောင်းပေး**

ယင်းအစီအစဉ်ကို ဒုတိယသမ္မတ ဂျူဆတ်ကာလာကကြေညာခြင်းဖြစ်ပြီး ယင်းကုမ္ပဏီအချို့ကို ပေါင်းစည်းကာ အချို့ကို ပုဂ္ဂလိကလုပ်ငန်းသို့ လွှဲပြောင်းပေးသည့်နည်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**လျှော့ချ**

ယင်းအစီအစဉ်၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီများကို ပုဂ္ဂလိကပိုင် ပြုလုပ်ပြီး အချို့ကို ဖျက်သိမ်းသည့် နည်းဖြင့် ကုမ္ပဏီ ၆၉ ခုအထိ လျှော့ချသွားမည်ဖြစ်သည်ဟု အဆိုပါသတင်းစာက ရေးသားသည်။

ယင်းအစီအစဉ်ကို ဖော်ဆောင်ခြင်းဖြင့် နိုင်ငံပိုင်ကုမ္ပဏီများအနေဖြင့် ပြည်တွင်းနှင့် ပြည်ပ၌ပါ ပြိုင်ဆိုင်နိုင်စွမ်းရှိလာပြီး စွမ်းရည်ပိုမိုမြင့်မားလာနိုင်မည်ဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***




# အီတလီဝန်ကြီးချုပ် နုတ်ထွက်စာတင်သွင်း

**ရောမ ဖေဖော်ဝါရီ ၂၂**

အီတလီအစိုးရအဖွဲ့၏ နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ပါလီမန်၏ ထောက်ခံမှု ဆုံးရှုံးခဲ့ရပြီးနောက် ဝန်ကြီးချုပ် ရိုမာနိုပရိုဒီသည် ဗုဒ္ဓဟူးနေ့တွင် ရာထူးမှ နုတ်ထွက်စာ တင်သွင်းလိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဝန်ကြီးချုပ်ပရိုဒီသည် သမ္မတလိုရီယာနာပိုလီတန်နိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ၎င်း၏နုတ်ထွက်လွှာကို ပေးအပ်လိုက်ကြောင်း သတင်းတွင်ဖော်ပြသည်။

သမ္မတ နာပိုလီတန်နိုသည် နိုင်ငံရေးခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ပြီးချိန်အထိ ပရိုဒီ၏ နုတ်ထွက်လွှာကို လက်ခံခြင်းရှိ၊မရှိ ဆုံးဖြတ်ဦးမည်မဟုတ်ပေ။ ပရိုဒီ၏ အစိုးရအဖွဲ့ကို ပါလီမန်က ထောက်ခံမှုမရှိကြောင်း နိုင်ငံရေးခေါင်းဆောင်များက ထုတ်ဖော်ပြောဆိုပါက ယင်းနုတ်ထွက်လွှာကို လက်ခံမည်ဟု မျှော်လင့်ရသည်။

**ဝေဖန်ခဲ့**

အာဖဂန်နစ္စတန်နိုင်ငံရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့မှ အီတလီတပ်ဖွဲ့ကို ပြန်လည်ရုပ်သိမ်းရန် ငြင်းဆိုမှု၊ အီတလီနိုင်ငံတောင်ပိုင်းရှိ ဗီစင်ဇာမြို့တွင် အမေရိကန်လေတပ်စခန်းတိုးချဲ့ရန် သဘောတူညီခဲ့မှုတို့နှင့် ပတ်သက်၍ ပရိုဒီအား ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်းရှိ ငြိမ်းချမ်းရေးလိုလားသူများနှင့် လက်ဝဲစွန်းမဟာမိတ်တို့က ဝေဖန်ခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**အီတလီနိုင်ငံ မီလန်မြို့၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် ဝတ်စုံဖက်ရှင်ပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



# ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိပြီးနောက် ဗြိတိန်မွေးမြူရေးလုပ်ငန်း၌ လုပ်သားအင်အား လျှော့ချ

လန်ဒန် ဖေဖော်ဝါရီ ၂၁

**ဗြိတိန်နိုင်ငံ ကြက်ဆင်မွေးမြူရေးလုပ်ငန်း၌ ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိရပြီးနောက်ပိုင်း အရောင်းကျဆင်းလာသဖြင့် လုပ်ငန်း၌ လုပ်ကိုင်နေသည့် လုပ်သားအင်အားကို လျှော့ချသွားမည်ဖြစ်ကြောင်း ဘားနက် မက်သရူး မွေးမြူရေးကုမ္ပဏီက တနင်္လာနေ့တွင် ကြေညာသည်။**

လောလောဆယ်တွင် အလုပ်သမား ၁၃၀ကို လျှော့ချမည်ဖြစ်ပြီး နောက်ပိုင်း၌လည်း ဆက်လက်လျှော့ချသွားစရာရှိသည်ဟုဆိုသည်။ ထိုသို့ အလုပ်သမား လျှော့ချရေးကိစ္စကို အလုပ်သမား ကိုယ်စားလှယ်များကလည်း လက်ခံသဘောတူညီပြီး ဖြစ်သည်ဟု ဥရောပတိုက်၏ အကြီးဆုံးကြက်ဆင်မွေးမြူရေးလုပ်ငန်း ဘားနက်မက်သရူးကုမ္ပဏီက ပြောကြားသည်။

ကုမ္ပဏီ၏ ကြက်ဆင်သားရောင်းချရမှု ပမာဏသည် ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားရသည့်အတွက် အလုပ်သမားများ လျှော့ချရေးကိစ္စကို စိတ်မကောင်းစွာ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။ အလုပ်သမားလျှော့ချရေး အဆုံး အဖြတ်သည် ယခုလအတွင်း အတည်ဖြစ်မည်ဟု ဆိုသည်။

**အစောပိုင်း**

ယခုလအစောပိုင်းက ကြက်ဆင်များအတွင်း $H_5N_1$ ရောဂါပိုးကို တွေ့ရှိပြီး နောက်ပိုင်းကုမ္ပဏီသည် ကောင်ရေ ၁၆၀၀၀၀ကို သုတ်သင်ပစ်ခဲ့ရသည်။

***အမ်အင်အေ၊ရိုက်တာ။***



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အမေရိကန်သံရုံးဝန်းကျင်၌ လုံခြုံရေးစောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ကိုကင်းကီလို ၃၆၀ ပီရူး၌သိမ်းဆည်းရမိ

**လီမာ ဖေဖော်ဝါရီ ၂၁**

ပီရူးနိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံတောင်ပိုင်း၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်စဉ် ကိုကင်းကီလိုဂရမ် ၃၆၀ ကို သိမ်းဆည်းရမိလိုက်ကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

ကိုကာပင် စိုက်ခင်းအမြောက်အမြားတည်ရှိသည့် ကုဇ်ကိုပြည်နယ်၌ မူးယစ်ဆေးဝါးစက်ရုံ ၁၅ ရုံ ကိုလည်း ရဲတပ်ဖွဲ့က ဖျက်ဆီးလိုက်သည်။

ပီရူးနိုင်ငံသည် ကိုလံဘီယာနိုင်ငံပြီးလျှင် ကမ္ဘာ့ကိုကင်း ဒုတိယ အများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။ ယင်းနိုင်ငံ၌ ကိုကာပင်စိုက်ခင်း ဟက်တာ ၄၀၀၀၀ ကျော်ရှိသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



ဘဂ္ဂဒက် ဆာဒါစီတီ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# ပြင်သစ်တွင် သေဒဏ်အပြစ်ပေးမှု ဖျက်သိမ်း

**ပဲရစ် ဖေဖော်ဝါရီ ၂၁**

ပြင်သစ်နိုင်ငံ၌ သေဒဏ်ပြစ်ဒဏ်ကိုပယ်ဖျက်သည့် ဥပဒေမူကြမ်းကို ပြင်သစ် ပါလီမန်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

သေဒဏ်ချမှတ်သည့် ဥပဒေပြင်ဆင်ချက်ကို ဥပဒေပြုအဖွဲ့ဝင် ၉၀၀ ထောက်ခံမှုနှင့် ပြင်ဆင်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဥပဒေပြင်ဆင်ချက်ကြောင့် ပြင်သစ်နိုင်ငံတွင်း၌ သေဒဏ်ကျခံရဖွယ်မရှိကြောင်း ပြောကြားသည်။

ပြင်သစ်နိုင်ငံတွင် ၁၉၈၁ ခုနှစ်ကတည်းက သေဒဏ်ချမှတ်သည့် ဥပဒေကို တားမြစ်ထားသော်လည်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က အခြေခံဥပဒေတွင်ပါ ထိုကိစ္စကို ပြင်ဆင်ရန် ကြိုးပမ်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်**

ရှီရက်သည် သမ္မတ ရာထူးသက်တမ်း မကုန်ဆုံးမီ ယင်းဥပဒေကို ပြင်ဆင်နိုင်ရန် အလို့ငှာ ပြည်လုံးကျွတ်ဆန္ဒဖြင့် ဆောင်ရွက်ရမည့် အစား ဥပဒေပြုအဖွဲ့ကို ခေါ်ယူ၍ အတည်ပြုရန် ယခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းကတည်းက ရှီရက်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ အခြေခံ ဥပဒေမူအရ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ပြုလုပ်ပြီးမှသာ အခြေခံဥပဒေတွင် ပြင်ဆင်နိုင်သည်။ သို့သော် ပြည်လုံးကျွတ် ဆန္ဒမဲပြုလုပ်မည့်အစား ဥပဒေပြုလွှတ်တော်ဖြင့် ဆုံးဖြတ်ရန်ကိစ္စကို ဆောင်ရွက်ရန် သမ္မတ၏ အာဏာပေါ်တွင် မူတည်သည်။ ဥပဒေပြုအဖွဲ့ဝင်များ၏ ငါးပုံ-သုံးပုံက ယင်းဥပဒေမူကြမ်းကို ထောက်ခံလျှင် အတည်ပြုချက် ရရှိမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၈ နိုင်ငံသည် မျက်မှောက်ကာလတွင် သေဒဏ်ပြစ်ဒဏ်ကို စီရင်လျက်ရှိကြောင်း ပြင်သစ်နိုင်ငံ အစိုးရရုံး သတင်းတွင်တင်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တောင်ကိုရီးယားနိုင်ငံ စွမ်းအင်ဖူလုံရေး ပြည်ပနိုင်ငံများနှင့် တိုးချဲ့ဆောင်ရွက်မည်

**ဆိုးလ် ဖေဖော်ဝါရီ ၂၁**

တောင်ကိုရီးယားနိုင်ငံ၏ အနာဂတ် စွမ်းအင်လိုအပ်ချက် ဖူလုံစေရေးအတွက် နိုင်ငံ၏လက်ဝယ်၌ ရေနံသိုက်ပမာဏ စည်ပေါင်း ၁၇ ဘီလီယံရှိနေစေရန် ပြည်ပနိုင်ငံများ၌ ရေနံရှာဖွေရေးနှင့် တူးဖော်ရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် စွမ်းအင် ဒုတိယဝန်ကြီး အိုယောင်ကိုက အင်္ဂါနေ့က ပြောကြားသည်။

**ရှင်းလင်း**

ယင်းဝန်ကြီးဌာန၏ ၂၀၀၇ ခုနှစ် မူဝါဒ ရည်မှန်းချက်များနှင့် သက်ဆိုင်သော သတင်းစာရှင်းလင်းပွဲ၌ ဒုတိယဝန်ကြီးအိုက အထက်ပါအတိုင်း ပြောကြား ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရေနံနှင့် ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို အာရှအလယ်ပိုင်းဒေသနှင့် တောင်အာဖရိကဒေသများ၌ အာရုံစိုက်၍ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအခြေအနေတွင် တောင်ကိုရီးယားနိုင်ငံ၏လက်ဝယ်၌ ပိုင်ဆိုင်ထားသောရေနံသိုက်ပမာဏ စုစုပေါင်းသည် စည်ပေါင်း ၁၄ ဘီလီယံမျှရှိကြောင်း သိရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အင်ဒိုနီးရှား၌ ကူးတို့သင်္ဘောမီးလောင်

**ဂျကာတာ ဖေဖော်ဝါရီ ၂၂**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရေပြင်တွင် ကူးတို့သင်္ဘောတစ်စင်းပေါ်၌ ဖေဖော်ဝါရီ ၂၂ရက်က မီးလောင်မှုဖြစ်ပွားရာ လူ ၁၅ ဦး သေဆုံးပြီး ၃၂၅ဦးကယ်ဆယ်ရရှိကြောင်း ရေတပ်ဆိုင်ရာသတင်းများက ဖော်ပြသည်။ အခင်းဖြစ်ပွားရာရေပြင်အနီးဝန်းကျင်တွင် အသက်ရှင်နေသူ ၆၃ဦးကို ကယ်ဆယ်ရေးအဖွဲ့များက ဆယ်ယူနိုင်ခဲ့ပြီး ကျွန်းတစ်ကျွန်းပေါ်၌ အလောင်းခုနစ်လောင်း တွေ့ရှိခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ရေတပ်မှ ဒုတိယဗိုလ်မှူးကြီး ဟင်ဒရာပါကန်က ပြောကြားသည်။

နောက်ဆုံးရရှိသော စာရင်းများအရ လူ ၁၅ဦး အသက်ဆုံးရှုံးကာ ၃၂၅ဦး အသက်ရှင်ကြောင်း ပါကန်က ဆက်လက်ပြောကြားသည်။

***အင်တာနက်။***

**ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ**



**မိုဇမ်ဘစ်နိုင်ငံ ဇမ်ဗီဘာမြစ်ရေလျှံသဖြင့် ရေဘေးတွေ့ကြုံနေရသူ ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ ရဟတ်ယာဉ်ဖြင့် သယ်ယူနေသည်ကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်တွင် ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရ

**ကိုစ့်ဒ် (အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ ကိုစ့်ဒ်မြို့ ဆေးရုံ၌ အင်္ဂါနေ့က အခမ်းအနားပြုလုပ်နေစဉ် ဆရာဝန်ဟန်ဆောင်ကာ ဝင်ရောက်လာသော ဖောက်ခွဲရေးသမားက တိုက်ခိုက်သည့်အတွက် ဗုံးပေါက်ကွဲရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နေတိုးအဖွဲ့အစည်းအောက်ရှိ တပ်ဖွဲ့များနှင့် ဒေသဆိုင်ရာ အရာရှိများ စုရုံးရောက်ရှိနေချိန်၌ ဖောက်ခွဲရေးသမားက တိုက်ခိုက်ခြင်းဖြစ်သည်ဟု ကိုစ့်ဒ်မြို့ အုပ်ချုပ်ရေးမှူး အာဆာလာဂျမားလ်က ပြောကြားသည်။

ဖောက်ကွဲရေးသမားကို တပ်ဖွဲ့ဝင်များက တွေ့ရှိပြီး ပစ်ခတ်ဟန့်တားရန် ကြိုးပမ်းစဉ် ၎င်းက ဗုံးများကို ဖောက်ခွဲခဲ့သည့်အတွက် ကန်တပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ခဲ့ရခြင်းဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အလင်းကုသိုလ်

ခင်ဦး

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာ သုံးခွမြို့နယ် ပြည်သူ့ဆေးရုံကြီးရှေ့၌ ၁၅-၂-၂၀၀၇ ရက်နေ့တွင် စည်ကားလို့နေပါတယ်။ မျှော်လင့်ချက်အပြည့်ဖြင့် ပီတိလွှမ်းနေတဲ့ မျက်နှာများနှင့် ဒေသခံများဟာ ပျားပန်းခပ်မျှ လှုပ်ရှားလို့နေကြပါတယ်။ ဆေးရုံရဲ့ရှေ့မှာတော့ အစိမ်းခံပေါ်မှာ အဖြူရောင်စာလုံးများဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနားဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ထင်ထင်ရှားရှား တွေ့မြင်ရပါတယ်။ ကျွန်မဟာ ဆိုင်းဘုတ်ကိုဖတ်ပြီး ဆေးရုံဝင်းထဲသို့ ပရိသတ်နှင့် ရောနှော၍ အလိုလိုရောက်သွားပါတော့တယ်။

တိုကင်နံပါတ်ယူကြရန်၊ ဘယ်နေရာမှာ ပြသရန်နှင့် ဘယ်နေရာမှာ စောင့်ဆိုင်းကြရန် စသည်ဖြင့် ကြေညာပေးလျက်ရှိပါတယ်။ မျက်စိကုသခံမယ့် အဘိုး၊ အဘွားများကိုတော့ မဏ္ဍပ်အောက်တွင် ထိုင်ခုံများဖြင့် ထိုင်စောင့်နေကြတာကို တွေ့ရပါတယ်။ တစ်နေရာမှ တစ်နေရာသို့ မျက်စိဝေဒနာရှင်များ ကူးပြောင်းအစမ်းသပ်ခံဖို့ ကူညီဆောင်ရွက်ပေးနေကြသူများကတော့ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင်များပဲဖြစ်ကြပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် တာဝန်ရှိသူများ ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က လာရာလမ်းတစ်လျှောက်ရှိ အဘိုး၊ အဘွားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်နေပါတယ်။

ပဒတ္တိုင်းကျေးရွာက အသက်(၈၃)နှစ် ရှိပြီဖြစ်တဲ့ အဘွားဒေါ်တင်ကြည်က မျက်စိနှစ်ဖက်စလုံး ရေးရေးသာမြင်ရပြီး အတွင်းတိမ်ရှိနေတဲ့အတွက် ခွဲစိတ်ကုသရမည်ဖြစ်ကြောင်း၊ အလှည့်မကျသေး၍ စောင့်ဆိုင်းနေကြောင်း ပြောပြပါတယ်။ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ကလည်း အားပေးစကားပြောကြားပါတယ်။

မျက်စိဝေဒနာပြသရန်အတွက် သုံးခွတစ်မြို့နယ်လုံးက စာရင်းပေးထားတဲ့ လူနာပေါင်း ၂၀၀၀ နီးပါး ရှိတယ်လို့ သိရပါတယ်။

ဆက်လက်ပြီး ဆေးရုံခန်းမဆောင်၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပါတယ်။ အခမ်းအနားမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ထွေးက **“မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဟာ ချမှတ်ထားတဲ့ ရည်ရွယ်ချက်(၇)ရပ်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘဝလုံခြုံရေး၊ စောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း၊ လူမှုရေးအသင်းအဖွဲ့များအနေနဲ့ ပြည်သူလူထုအတွင်းရှိ မျက်စိခွဲစိတ် ကုသရန်လိုအပ်သည့်လူနာများအား ရှာဖွေဖော်ထုတ်ခြင်း၊ ခွဲစိတ်ကုသမှုခံယူနိုင်ရန် ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များကလည်း မိမိတို့ ရပ်ရွာဒေသအတွင်းရှိ ပြည်သူလူထုအတွင်း မျက်မမြင်များနှင့် ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သူများကို ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲမှ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရပ်ကွက်အတွင်း ကွင်းဆင်းပြီး မျက်စိရောဂါဝေဒနာရှင်များ ရှာဖွေကုသနိုင်ရန် ကူညီပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်နေကြောင်း”** စသည်ဖြင့် ပြောကြားခဲ့ပါတယ်။

ထို့နောက် ဒေသခံ စေတနာရှင်၊ လုပ်ငန်းရှင်များက အလှူငွေကျပ်သိန်း ၁၄၀ ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်က “ယခုလို အစီအစဉ်ဖြစ်မြောက်အောင် စီစဉ်ပံ့ပိုးပေးတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်းနှင့် ကျန်းမာရေးအတွက် ကုသပေးခြင်းသာမက လူနာများအတွက် စားသောက်ရေး အခက်အခဲမရှိအောင် အာဟာရဒါနလုပ်ငန်းပါ စီစဉ်ပေးထားပါကြောင်း” ပြောကြားပါတယ်။

သုံးခွမြို့နယ်တွင် ရပ်ကွက် (၁၂) ရပ်ကွက်နှင့် ကျေးရွာ (၆၄)ရွာရှိပြီး စိုက်ပျိုးရေးကို အဓိကထားတဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ (ပဲအမျိုးမျိုး) အထူးသဖြင့် ပဲတီစိမ်းကို စီးပွားဖြစ်စိုက်ပျိုးတဲ့ မြို့နယ်ဖြစ်ပါတယ်။

ယခုလို အလင်းဒါနပွဲလေးဖြစ်မြောက်အောင် ကနဦး စီစဉ်ကြတဲ့ အဖွဲ့ကတော့ သုံးခွမြို့နယ်အသင်းပဲ ဖြစ်ပါတယ်။ သုံးခွမြေပေါ်မှာ ကြီးပြင်းခဲ့ပြီး လုပ်ငန်းရှင်ကြီးများဘဝ ရောက်ရှိသွားသူတွေ စုပေါင်းကုသိုလ်ဖြစ်ပါတယ်။

လုကမ္ဘာပရိဘောဂပိုင်ရှင် ဦးစောလှိုင်နှင့် (Summit Co.,Ltd) ဦးအောင်သန်းတို့က “ကျွန်တော်တို့ သုံးခွမြို့နယ်အသင်းမှာ အသင်းသား ၁၀၀၀ ကျော်ရှိပါတယ်။ ကျွန်တော်တို့ အသင်းအစည်းအဝေးလုပ်ရင်း ဆွေးနွေးခဲ့ကြတာကတော့ ကျွန်တော်တို့ဟာ သုံးခွမြို့နယ်ကို အခြေခံပြီး စီးပွားရေးလုပ်ရာမှ ကြီးပွားချမ်းသာခဲ့ကြပါတယ်။ မိမိဒေသအတွက် အကျိုးပြုလုပ်ငန်းများ ဘာတွေလုပ်ပေးရမလဲလို့ ဆွေးနွေးတိုင်ပင်ရင်းကနေ ကျန်းမာရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ ယခုလို မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးနိုင်ရန်အတွက် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန် ဒေါက်တာနီလာသိန်းမှတစ်ဆင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များရဲ့အားကို ရယူပြီး လူနာများ၊ လူနာရှင်များရဲ့ စားရေး၊ နေရေးကအစ အစစအရာရာ တာဝန်ယူ ဆောင်ရွက်ထားပါတယ်။ ယခုပွဲမှာ ပဲတီစိမ်းကုန်သည်များ အပါအဝင် စေတနာရှင် ၃၄ ဦးက သိန်း ၁၄၀ ခန့်ကို စုပေါင်းထည့်ဝင်ခဲ့ကြပါတယ်”ဟူ၍ ရှင်းပြပါတယ်။

ဆရာ ဒေါက်တာတင့်နိုင်ကလည်း “ယခုလို ကွင်းဆင်းကုသပွဲမလုပ်ခင် ခွဲစိတ်ခန်းသုံး Air Con တစ်လုံး၊ ခွဲစိတ်ခုတင်သုံးလုံး၊ လိုအပ်တဲ့ ခွဲစိတ်ခန်းသုံး ပရိဘောဂနဲ့ လျှပ်စစ်ပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းပေးခဲ့ပါတယ်”လို့ ရှင်းပြခဲ့ပါတယ်။

မျက်စိကွင်းဆင်း ခွဲစိတ်ကုသရေး ဆရာဝန်များ အဖွဲ့ခေါင်းဆောင်ကတော့ ပါမောက္ခ ဒေါက်တာ ဦးကံညွန့်ပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရင် ဦးဆောင်သော ဆရာဝန် ၁၅ ဦးနှင့်အတူ ၁၅-၂-၂၀၀၇ မှစပြီး ၁၇-၂-၂၀၀၇ရက်နေ့အထိ စမ်းသပ်ခြင်း၊ ဆေးထည့်ပေးခြင်း၊ မျက်မှန်တပ်ဆင်ပေးခြင်း၊ ခွဲစိတ်ကုသခြင်း၊ ရန်ကုန်ဆေးရုံကြီးသို့ ညွှန်းပို့ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြပါတယ်။ မျက်မှန်စမ်းသပ်လူနာ ၈၄၄ ဦး၊ မျက်စဉ်းဆေးခတ်လူနာ ၅၃၅ ဦး၊ ခွဲစိတ်ကုသလူနာ ၂၅၈ ဦး၊ ရန်ကုန်သို့လွှဲပို့လူနာ ၁၀၉ ဦးနှင့် ကုသ၍ မရသောလူနာ ၁၄ ဦး ရှိကြောင်းနှင့် စုစုပေါင်း ၁၉၆၀ ဖြစ်ကြောင်း သိရှိရပါတယ်။

ဆရာကြီး ဒေါက်တာ ဦးကံညွန့်ကတော့ **“မျက်စိဆရာဝန်ရှိရာ လူနာတွေက မလာနိုင်ကြတဲ့ အခက်အခဲတွေရှိပါတယ်။ လူမှုရေးပြဿနာ၊ ပြုစုစောင့်ရှောက်သူ လူခွဲမရှိတဲ့ပြဿနာ၊ မီးခိုအားထားစရာ လူမရှိတဲ့ပြဿနာ စသည်အားဖြင့် အခက်အခဲပေါင်းစုံ၊ ပြဿနာပေါင်းစုံ ရှိနေကြပါတယ်။ အဲဒီအခါမှာ အဲဒီပြဿနာတွေကို တစ်ခါတည်းဖြေရှင်းပြီးသားဖြစ်သွားအောင် မျက်စိဆရာဝန်တွေက လူနာတွေရှိရာသို့ စေတနာမေတ္တာတွေနဲ့ အရောက်လာပြီး လူနာတွေကို စုစည်း၊ ငွေကြေးတတ်နိုင်သူ၊ စေတနာသဒ္ဓါတရား ထက်သန်သူ၊ ကိုယ့်ရပ်ကိုယ့်ရွာအကျိုး သယ်ပိုးမြှင့်တင်လိုသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို အရင်းတည်ပြီး အခုလို အခမဲ့ မျက်စိလှူဒါန်းခွဲစိတ်မှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်”** လို့ ရှင်းပြပါတယ်။

ထို့နောက် တာဝန်ရှိသူများဟာ ခွဲစိတ်ကုသခန်း၊ စမ်းသပ်ကုသတဲ့နေရာများအနှံ့ သွားရောက်ကြည့်ရှု အားပေးကြပါတယ်။ တောင်သူလယ်သမားကြီးတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို တစ်နေရာတည်းမှာ တစုတဝေးဆောင်ရွက်နေရတာကိုကြည့်ပြီး ဝမ်းသာပီတိ ဖြစ်ရလွန်းလို့ မျက်ရည်များတောင် လည်မိပါတယ်။

ဆက်လက်ပြီး သုံးခွမြို့နယ် အားကစားခန်းမကို သွားရောက်ခဲ့ကြပါတယ်။ အားကစားခန်းမမှာတော့ လူနာရှင်တွေရော၊ လူနာတွေကိုပါ ထမင်းဝိုင်း (၃၄) ဝိုင်းဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျွေးမွေးလျက်ရှိပါတယ်။ တစ်သုတ်လျှင် လူဦးရေ ၂၀၀ ခန့် ကျွေးနိုင်ပြီး ငါးခြောက်ထောင်း၊ ချဉ်ရည်ဟင်းများဖြင့် မြိန်မြိန်ယှက်ယှက် စားသောက်နေကြပါတယ်။ ဆန် ၁၆ အိတ်၊ ငါးခြောက် အချိန် ၁၀၀ ကုန်ကြောင်း သိရပါတယ်။ ဆရာဝန်များနှင့် ဧည့်သည်များအတွက် မိုးကုတ်ဝိပဿနာရိပ်သာမှာ ဧည့်ခံပါတယ်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စီမံရေးရာဌာနဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က လှူဒါန်းမှုများကိုကြည့်ပြီး ပီတိမဆုံးဖြစ်ကာ အစ်မတို့လည်း ကုသိုလ်ပါဝင်ရအောင်ဆိုပြီး ဦးဆောင်ထည့်ဝင်လိုက်ကြရာမှ စုစုပေါင်း အလှူငွေ တစ်သိန်း ငါးသောင်းငါးထောင်ရရှိပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နွယ်နွယ်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ပါတယ်။

ခွဲစိတ်၍ ပတ်တီးဖြေပြီး လူနာများကို မျက်စိသန့်ရှင်းရေးလုပ်ပေးခြင်း၊ မျက်စဉ်းခတ်ပေးခြင်း၊ မျက်မှန်တပ်ပေးခြင်းများကို ဆရာဝန်များအဖွဲ့က ဆောင်ရွက်ပေးခဲ့ကြပြီး ဒေါက်တာနီလာသိန်းက အတွင်းတိမ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောပြပါတယ်။

ဒေါက်တာနီလာသိန်းက **“အတွင်းတိမ်ဆိုတာ မျက်လုံးထဲက သဘာဝမှန်ဘီလူးလေးရဲ့ အကြည်ဓာတ်ပျက်ပြီး မှုန်ဝါးသွားတာကို ခေါ်ပါတယ်။ အတွင်းတိမ်ရောဂါဟာ အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး ဖြစ်နိုင်ပြီး အပူပိုင်းဒေသနှင့် နေရောင်ခြည်များစွာရရှိတဲ့ဒေသတွေမှာ အဖြစ်များပါတယ်။ မျက်စိကွယ်စေနိုင်တဲ့ အဓိက ရောဂါများကတော့ အတွင်းတိမ်၊ ရေတိမ်၊ မျက်ခမ်းစပ်၊ ထိခိုက်ဒဏ်ရာ၊ ဆီးချိုရောဂါကြောင့် အမြင်အာရုံခံလွှာ ပျက်စီးခြင်းနှင့် အသက်အရွယ်ကြီး၍ အမြင်လွှာရဲ့ ဗဟိုချက် ပျက်စီးယိုယွင်းခြင်းတို့ ဖြစ်ပါတယ်။**

**“အတွင်းတိမ်ကို ခွဲထုတ်ပစ်တဲ့နည်းကလွဲပြီး အခြားကုထုံး မရှိသေးပါဘူး။ နောက်ဆုံးပေါ်နည်းဖြစ်တဲ့ အတွင်းတိမ်ခွဲစိတ်ပြီး မျက်တွင်းမှန်လို့ခေါ်တဲ့ (Intra Ocular Lens)ထည့်ပေးခြင်းအားဖြင့် အမြင်အာရုံရာနှုန်းပြည့် ကြည်ကြည်လင်လင် မြင်နိုင်မှာမို့ အခမဲ့ ခွဲစိတ်မှု အစီအစဉ်မှ မခွဲစိတ်မီ ခွဲစိတ်ပြီး မျက်စဉ်းပေးလှူခြင်း၊ မျက်တွင်းမှန်ထည့်ပေးခြင်း၊ မခွဲမီပဋိဇီဝဆေးလှူဒါန်းခြင်း၊ ခွဲစိတ်ပြီး အလင်းရောင်စူးရှမှုဒဏ် ခံနိုင်ရန် နေကာမျက်မှန်ပေးလှူခြင်းတွေ ဆောင်ရွက်ပေးရတာဖြစ်ပါတယ်”**လို့ စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါတယ်။

**ဆရာဝန်၊ ဆရာမများရဲ့ ပညာဒါန၊ စေတနာရှင်၊ အလှူရှင်များရဲ့ ငွေကြေးဒါန၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ စီမံခန့်ခွဲမှုဒါနနှင့် ဝေယျာဝစ္စဒါန စတဲ့ ဒါနမျိုးစုံအရင်းခံ၍ ဆောင်ရွက်ကြရာမှ အလင်းကုသိုလ်ပွဲကြီးတစ်ခု အောင်အောင်မြင်မြင် ပြီးမြောက်ခဲ့ပါတယ်။ အဘိုး၊ အဘွားများက ဝမ်းသာမှုအဟုန်ဖြင့် မျက်ရည်ဝဲ၍ ဆုတောင်းကြ၊ ဆုပေးကြဖြင့် ဆေးရုံဝန်းကျင်မှာတော့ သာဓုခေါ်သံများဖြင့် လှိုင်နေပါတော့တယ်။**

မျက်စိခွဲစိတ်ကုသပြီး မျက်မှန်အမည်းကြီးများတပ်၍ ဆေးရုံကပြန်လာတဲ့ အဘိုး၊ အဘွားများကို ကြည့်ပြီး သုံးခွမြို့နယ် အလှူရှင်များက ကြည်နူးဝမ်းသာခဲ့ကြပါတယ်။ ယခုကဲ့သို့ အမှန်တကယ် အကျိုးများပြီး ထိရောက်မှုရှိတဲ့ အလင်းအလှူပွဲလေးဟာဖြင့် **“မျက်စိ အဆုံး၊ နားအရှုံး”** ဆိုရိုးစကားရှိစေကာမူ သက်ကြီးရွယ်အို အဘိုး၊ အဘွားများရဲ့ ဘဝမဆုံးရှုံးရလေအောင် ဖန်တီးကူညီဆောင်ရွက်တဲ့ ကုသိုလ်ပွဲမို့ မုဒိတာပွားနိုင်ကြပါစေ။ အလင်းကုသိုလ်ပွဲပေါင်းမြောက်မြားစွာ ထပ်မံပေါ်ပေါက်လာပါစေဟူ၍ ဆန္ဒပြု လိုက်ရပါတယ်ရှင်။ ။

**အတွင်းတိမ်ဆိုတာ မျက်လုံးထဲက သဘာဝမှန်ဘီလူးလေးရဲ့ အကြည်ဓာတ်ပျက်ပြီး မှုန်ဝါးသွားတာကို ခေါ်ပါတယ်။ အတွင်းတိမ်ရောဂါဟာ အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး ဖြစ်နိုင်ပြီး အပူပိုင်းဒေသနှင့် နေရောင်ခြည်များစွာရရှိတဲ့ ဒေသတွေမှာ အဖြစ်များပါတယ်။ မျက်စိကွယ်စေနိုင်တဲ့ အဓိကရောဂါများကတော့ အတွင်းတိမ်၊ ရေတိမ်၊ မျက်ခမ်းစပ်၊ ထိခိုက်ဒဏ်ရာ၊ ဆီးချိုရောဂါကြောင့် အမြင်အာရုံခံလွှာ ပျက်စီးခြင်းနှင့် အသက်အရွယ်ကြီး၍ အမြင်လွှာရဲ့ ဗဟိုချက် ပျက်စီးယိုယွင်းခြင်းတို့ ဖြစ်ပါတယ်။**

# ကန်တော်ကြီးမျှော်စင်ကျွန်းမှ သူရရဲအောင်နှင့် တွေ့မရှောင်တို့ပွဲ

**ဇင်လင်းထွန်း(ခနုဖြူ)**

ယခုနှစ်ဆန်း ဇန်နဝါရီ ၇ရက်က ကန်တော်ကြီး ကရဝိက်ဥယျာဉ် မျှော်စင်ကျွန်း၌ကျင်းပခဲ့သည့် လုံးချော နှင့် ရွှေဝါထွန်းတို့ပွဲအပါအဝင် ပွဲစဉ်ပေါင်း ကိုးပွဲပါဝင် ခဲ့သော "မျှော်စင်ကျွန်းမှ စိန်ခေါ်သံ" ပွဲသည် ပရိသတ် များပြား၍ မျှော်မှန်းသည်ထက် အောင်မြင်ခဲ့သည်။

ယခုတစ်ဖန် **"မျှော်စင်ကျွန်းမှ စိန်ခေါ်သံ-၂"** ပွဲစဉ် ကို ဖေဖော်ဝါရီ ၂၄ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယခု အမှတ်-၂ ပွဲတွင် အတွဲဆိုင်းနှစ်ဆိုင်းသာ အသစ် ပါဝင်လာပြီး ကျန်တွဲဆိုင်းများတွင် တစ်ခြမ်း (တစ်ယောက်)မှာ ပထမပွဲ၌ နွှဲခဲ့ကြသူများဖြစ်သည်။ အမှတ်-၂ပွဲ၏ အဓိကပွဲဟုဆိုရမည့် ၂၀၀၆ ဝယ်လ်တာ ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ သူရရဲအောင် (မြန်မာ ပြည်သား) နှင့် စိန်ခေါ်သူ တွေ့မရှောင် (KLN) တို့ အဆိုင်းက အသစ်ဖြစ်သည်။

တွေ့မရှောင်က ရန်ကုန် ရိုးရာလက်ဝှေ့ပရိသတ် အတွက် အစိမ်းသက်သက်ဟု ဆိုရလောက်သည်။ တွေ့မရှောင်သည် တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံ မြို့သားဖြစ်သည်။ လောင်းလုံမြို့ရှိ ငယ်ဆရာ ဦးမြင့်လွင် ထံမှ ကိုယ်ခံပညာများကို သင်ကြားခဲ့သည်။ သူ့ကို တနင်္သာရီတိုင်းကိုယ်စားပြု ယှဉ်ပြိုင်စေ၍ ပြည်နယ်နှင့် တိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ရှင်ဖြစ်စေရန် မြေတောင်မြှောက်ပေးခဲ့သော ဆရာစောအဲလေး (ထားဝယ်) နှင့် ဆရာရေမြွေ(မြိတ်)တို့က "တွေ့မရှောင်"ဟူသော ရိုးရာလက်ဝှေ့ အမည်ပေးခဲ့သည်။



တော်ရုံလက်သီး မမှုသူ တွေ့မရှောင် (KLN)။

တွေ့မရှောင်သည် ရန်ကုန်တွင် ပြီးခဲ့သည့် ဒီဇင်ဘာ လကမှ ပထမဆုံးခြေချပွဲတစ်ပွဲ နွှဲခွင့်ရခဲ့သည်။ ရန်ကုန် အခြေစိုက် KLN ရိုးရာလက်ဝှေ့အဖွဲ့သို့ ရောက်ရှိလာခဲ့ပြီး နည်းပြဆရာ ကိုကျော်စိုး၏ သင်ကြားလေ့ကျင့်ပေးမှုများ ကိုရယူနေသည်။ တွေ့မရှောင်သည် ထိုပွဲတွင် ရန်ကြီးအောင် (မြို့တော်စည်ပင်)အား ငါးချီသရေပွဲထိုးခဲ့သည်။ ရန်ကြီး



အလဲထိုးရခက်သော သူရရဲအောင် (မြန်မာပြည်သား)။

အောင်ဆိုသူမှာ ၂၀၀၆ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ဗိုလ်လုပွဲ တွင် သူရရဲအောင်အား အမှတ်ဖြင့်ရှုံးနိမ့်ကာ ရွှေခါးပတ် နှင့် လွဲခဲ့ရသူဖြစ်သည်။ City FM ပြိုင်ပွဲ နှစ်ခုစလုံးတွင် ပြိုင်ဘက်များအား စက္ကန့်ပိုင်းနှင့် ပွဲသိမ်းခဲ့သည့် အမြန်ဆုံး ပွဲသိမ်းလက်ဝှေ့သမား မှတ်တမ်းရှိထားသူ ရန်ကြီးအောင် အား သူတင်ကိုယ်တင်ယှဉ်ပြိုင်ခဲ့သော တွေ့မရှောင်သည် ယခုအခါ ဝယ်လ်တာဝိတ်တန်းဝန်းကျင်ရှိ လက်ဝှေ့သမား အားလုံးနှင့် ယှဉ်ပြိုင်ခဲ့ပြီး သရေပွဲ၊ အနိုင်ပွဲများရရှိကာ ရှုံးပွဲမရှိ မှတ်တမ်းတင်ထားသူဖြစ်သည်။ ထို့ကြောင့် ဝယ်လ် တာဝိတ်တန်း ချန်ပီယံ သူရရဲအောင်အား မျှော်စင်ကျွန်းမှ စိန်ခေါ်သံပေးလိုက်ခြင်းဖြစ်သည်။

သူရရဲအောင်ကိုမူ ရိုးရာလက်ဝှေ့ ဝါသနာရှင်တိုင်း က အမည်ကြားဖူးနေကြပေမည်။ ပထမတန်း လက်ဝှေ့ ကျော် ကျားသစ်ရဲအောင်၏သား၊ အောင်အောင်ထွန်း၏ ညီဖြစ်သောကြောင့် ငယ်စဉ်ကပင် ရိုးရာလက်ဝှေ့လောက တွင် ကျင်လည်ခဲ့သူဖြစ်သည်။ ၎င်းနှင့်သက်တမ်းတူ လက်ဝှေ့ သမားချင်းယှဉ်လျှင် ၎င်းလောက် ပွဲအရေအတွက် များမည့် လက်ဝှေ့သမားမရှိလောက်ဟုထင်သည်။ ထို့ကြောင့် ပွဲအတွေ့ အကြုံရင့်နေသည်။ ထို့ပြင် နာမည်ကျော်မြနန္ဒာ၊ အောင်အောင် ထွန်း၊ ကြယ်တစ်ပွင့် စသော လက်ဝှေ့သမားများကို မွေးထုတ် ပေးရာ မန္တလေး မဟာဧကရာဇ်ရိုးရာ လက်ဝှေ့အဖွဲ့တွင် ပညာရည်နို့သောက်စို့ခဲ့ရပြီး ယခုလည်း မော်ဘီ၊ မရမ်း တလင်းရှိ မြန်မာပြည်သား ရိုးရာလက်ဝှေ့အဖွဲ့တွင် နည်းပြ ချုပ် ဆရာကြီး ဦးဗိုစိန်၊ နည်းပြဆရာ တွံတေး (ဦး)သန်း လွင်တို့ထံ၌ ပညာသင်ကြားခွင့်ရနေပြန်သည်။

သို့ဖြစ်၍ သူရရဲအောင်က ရိုးရာလက်ဝှေ့ပညာတွင် ၁၂ ကြိုးကဝေဟု ဆိုလောက်သူဖြစ်၏။ လက်သီး၊ တံတောင်၊ ဒူး၊ ခြေကန်အားလုံး စနစ်တကျ အသုံးချတတ်သည်။ အပူး အချုပ်တွင်လည်း လုပ်တတ်ကိုင်တတ်ရှိသည်။ သူရရဲအောင်သည် အလဲထိုးရခက်သော လက်ဝှေ့သမား တစ်ယောက် ဟု ဆိုရမည်။

ယခုပွဲသည် အလဲထိုးရခက်သူနှစ်ယောက် လာဆုံ သော ပွဲဖြစ်သည်။ တွေ့မရှောင်က ထိမနာဟု ဆိုရအောင် မာဂုဏ်ရှိသည်။ တော်ရုံလက်သီးကို ဂရုမထားဘဲ မရှောင် တမ်းတိုးဝင်သည်။ ထို့ကြောင့် တွေ့မရှောင်နှင့် သူရ ရဲအောင်တို့ပွဲက မည်သူအကဲသာမည်ကို လာရောက် အားပေးကြည့်ရှုရင်း အကဲဖြတ်ကြရမည်ဖြစ်သည်။

၎င်းတို့နှစ်ဦး၏ ရှေ့ထွက်ပွဲဟုဆိုရမည့် စောဖွဲ့လေး (ထားဝယ်)နှင့် စောဝီလျံသိန်း (မြန်မာပြည်သား)တို့ပွဲ ကလည်း အလဲနှင့်အကွဲ ပွဲတစ်ပွဲဖြစ်ပေမည်။ ၎င်းတို့ နှစ်ဦးမှာ ဒီဇင်ဘာလက အင်းစိန်ပွဲတွင် တွေ့ဆုံခဲ့ကြရာ ပွဲကောင်းခဲ့သည်။ ထိုပွဲတွင် ပဥ္စမအချီ၌ အလဲထိုးခံခဲ့ရ ခြင်းကို စိတ်မကျေသော စောဝီလျံသိန်းက ယခုပွဲ၌ ပြန်လည်စိန်ခေါ်ခြင်းဖြစ်သည်။ စောဖွဲ့လေးကလည်း ပထမ မျှော်စင်ကျွန်းပွဲတွင် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (လယ်/ဆည်) ကို အတန်းတက် စိန်ခေါ်ရာ တတိယ အချီ၌ အလဲထိုးခံခဲ့ရသည့်အတွက် ယခုပွဲတွင် သူ့သိက္ခာ ကို အရောင်တင်မည့် သဘောရှိနေသည်။

တေဇာ (မြွေဟောက်မင်း/မြိတ်)က ယခုပွဲအတွက် လူသစ်ဖြစ်သော်လည်း ၎င်းနှင့်ယှဉ်မည့် ပုဏ္ဏားဘကွန်း က ပထမပွဲမှ ရှုံးကြွေးအတွက် ယခုပွဲတွင် စင်ပေါ်ပြန်တက် လာခြင်းဖြစ်သည်။

ပထမပွဲတွင် ပုဏ္ဏားဘကွန်း (မြန်မာပြည်သား)ကို အလဲထိုး အနိုင်ယူခဲ့သူ စောသဲမင်း (KLN) ယခုပွဲတွင် အသဲစွဲ (ဘီလပ်မြေစက်ရုံ)နှင့် တွေ့ကြမည်။ ပထမပွဲတွင် ဒေါနှ (ရွှေလက်ရာ)ကို အလဲထိုးခဲ့သော မိုးသီး (မြန်မာ ပြည်သား)သည် ယခုပွဲတွင် မိုးကြိုး (KLN) တွေ့ရမည်။ မိုးကြိုးကလည်း ပထမပွဲတွင် သုဝဏ္ဏမောင် (သထုံ)အား အလဲထိုးထားသူဖြစ်သည်။ အလဲထိုးသမား နှစ်ယောက် ဆုံသည့်ပွဲက သဲသဲမဲမဲဖြစ်မည်မှာ ပြောစရာမလို။ စောအာကာ (တွံတေး)က ပထမပွဲတွင် လေးချီပွဲသာ ထိုးခွင့်ရခဲ့သူဖြစ်သည်။ ထိုပွဲတွင် မွန်လေး (မထိလာ)ကို အလဲထိုးခဲ့ခြင်းကြောင့် ယခုပွဲတွင် သူ့ထက်ဝါရင့်သော ဖိုးခွားလေး (ရွှေလက်ရာ)နှင့် ငါးချီပွဲ နွှဲခွင့်ရလာသည်။

အဆိုပါပွဲများအပြင် လေးချီ အထူးပွဲများလည်း ပါဝင်ဦးမည်ဖြစ်ရာ **"မျှော်စင်ကျွန်းမှ စိန်ခေါ်သံ-၂"** ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာ ပရိသတ်ကြိုက် ပွဲတစ်ပွဲဖြစ် မည်မှာ သေချာနေပါသည်။ ။



စောဝီလျံသိန်းနှင့် ထိုးမည့် စောဖွဲ့လေး (ထားဝယ်)။

## အောင်စကြာဆရာတော် ဘဒ္ဒန္တ စန္ဒသူရိယတရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ စန္ဒသူရိယအောင်စကြာဆရာတော် သည် ဖေဖော်ဝါရီ ၂၇ ရက် ညတွင် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းရပ်ကွက် ရန်ကင်း၊ ရန်ရှင်း၊ ရန်ပြိုလမ်း၊ ၂၈ ရက်နှင့် မတ် ၁ ရက် ညများတွင် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့ လောကမှန်ကူ ဆုတောင်းပြည့်ဘုရားပွဲ၊ ၃-၄ ရက် ညများတွင် မော်ဘီမြို့နယ် ဆပ်သွားတော ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ၆-၇ ရက် ညများတွင် ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ ဦးစန်းမြင့်၏ အလှူမဏ္ဍပ်၊ ၉-၁၀-၁၁ ရက် ညများတွင် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ ရတနာပုံကျောင်း၊ ၁၃-၁၄-၁၅-၁၆ ရက် ညများတွင် သန်လျင် ဓမ္မရိပ်သာ၊ ၁၈-၁၉ ရက် ညများ တွင် ကွမ်းခြံကုန်းမြို့နယ်၊ တောင်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၊ ၂၀-၂၁-၂၂ ရက် ညများတွင် မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ရွာ၊ ၂၄-၂၅ ရက်ညများတွင် မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန် စံပြကျေးရွာ၊ ၂၆ ရက် ညတွင် ကျောက်တန်းမြို့ ကျိုက်ပြာသာဒ်တနော်ဘုရား၊ ၂၇ ရက် ညတွင် သုံးခွမြို့နယ် အနောက်ကျေးရွာ၊ ၃၀ ရက် ညတွင် သန်လျင်မြို့ဟောင်း အလယ်ရပ်ကွက် ကမ်းနား လမ်း၊ ၃၁ ရက် ညတွင် ကမာရွတ်မြို့နယ် (၅) ရပ်ကွက် ဆင်မလိုက်အုန်းတော ဆရာစံလမ်းမတို့တွင် တရား တော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော် ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)




ဖေဖော်ဝါရီ ၂၂ရက်က ၂၀၀၆-၂၀၀၇ ပညာသင်နှစ် အထက (၂) လသာကျောင်းကောင်စီဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က ပထမဆုရ ကျန်စစ်သား အသင်းခေါင်းဆောင် ဒေါ်အေးကြည်အား ကျောင်းကောင်စီဥက္ကဋ္ဌ ဒိုင်းဆု ချီးမြှင့်စဉ်။ (ပညာရေး)

**ကြေးမုံ The Mirror**

## ပြည်တွင်းသတင်းမှတ်စု

### ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲကျင်းပ

ရွှေတိဂုံစေတီတော် (၂၅၉၅)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉နာရီတွင် စေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင် မြတ် တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာ တော်ကြီးများဖြစ်ကြသော အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သြဝါဒါစရိယ ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌ ဂုရု ဘဒ္ဒန္တ သောဘဏနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများက ဆီမီးတန်ဆောင် ထွန်းညှိ ပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ဖွင့်လှစ်ပေး သည်။

### ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဆွေးနွေးပွဲများ ကျင်းပ

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ အမျိုးသားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၉ရက်နှင့် တနင်္သာရီတိုင်း မြိတ်မြို့ ပုလဲရတနာခန်းမ ၌ ဖေဖော်ဝါရီ ၂၁ ရက်တို့တွင် ကျင်းပသည့် ကလေး သူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေးပွဲများ သို့ တက်ရောက် အမှာစကားပြောကြားသည်။

### ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်း မြို့နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်မာမာဝေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများက အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြသည်။

### ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင် သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း တောင်ငူမြို့နယ် ထုံးဘိုကြီးရွာ မှတစ်ဆင့် ကရင်ချောင်းကျေးရွာသို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၌ လမ်းနှင့်တံတား တည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများ ဖြင့် ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေး မှူးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင် ရွက်ပေးသည်။

(ကြေးမုံ)

# NLD ပါတီမှ နုတ်ထွက်သူများဟုဆိုသော ထင်ကျော်(ခေါ်)ကျော်ထင်ပါ လူတစ်စု ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း၌ ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် လုပ်ဆောင်ခဲ့

## လူအများစုဝေးရာလမ်းမပေါ်တွင် စီတန်းလှည့်လည်ကြွေးကြော်သောင်းကျန်းခြင်းသည် ရှန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရာရောက်သဖြင့် တည်ဆဲဥပဒေများအရ အရေးယူခံရဖွယ်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်(ယနေ့) ညနေ ၃နာရီခွဲအချိန်တွင် မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဟု အမည်ခံပြီး တရားမဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမှ NLDပါတီမှ နုတ်ထွက်သူများဟုဆိုသော ထင်ကျော်(ခေါ်)ကျော်ထင်ပါ လူတစ်စုသည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းရှိ ရဟန္တာသိမ်တော်ကြီးရှေ့မှ မဟာဗန္ဓုလလမ်းအတိုင်း လက်ကိုင်ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆူညံစွာ အော်ဟစ်လှည့်လည်ခဲ့သဖြင့် လူအချို့ ဝိုင်းအုံကြည့်ရှုခဲ့ရာမှ လူစုလူဝေးဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။**

ယင်းသို့ လူစုလူဝေးဖြစ်ပေါ်မှုကြောင့် အနီးပတ်ဝန်းကျင်ရှိ ဈေးရောင်း၊ ဈေးဝယ်သူများ၊ လမ်းသွားလမ်းလာများ အထိတ်တလန့်ဖြစ်ကာ ရှန်းရင်းဆန်ခတ်ဖြစ်လာသဖြင့် ယင်းနေရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့မှ ချက်ချင်းရောက်ရှိလာပြီး နှုတ်အားဖြင့် တားဆီးမှုပြုလုပ်ခဲ့ရာ ထင်ကျော်(ခေါ်)ကျော်ထင်ပါလူစုသည် ညနေ ၃နာရီ ၅၅မိနစ်အချိန်ခန့်တွင် ကျောက်တံတားမြို့နယ် (၃၂)လမ်းထိပ်၌ လူစုကွဲသွားကြောင်း သိရသည်။

ထိုသို့ ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် လုပ်ဆောင်ခဲ့သော အဆိုပါဥပဒေနှင့် ဆန့်ကျင်သောလူတစ်စုသည် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်မရရှိဘဲ နိုင်ငံတော်အား ဆန့်ကျင်ရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်ခြင်း၊ လူအများစုဝေးရာလမ်းမပေါ်တွင် စီတန်းလှည့်လည်ကြွေးကြော် သောင်းကျန်းခြင်းတို့သည် ရှန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရာရောက်ကြောင်း၊ ထို့အပြင် ၎င်းတို့သည် ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်သော၊ ဆူပူမှုကို လှုံ့ဆော်သောဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခြင်းမှာလည်း နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုက မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ အကြည်ညိုပျက်အောင်သော်လည်းကောင်း ပြုလုပ်ရာရောက်ကြောင်း၊ သို့ဖြစ်၍ ထင်ကျော်(ခ)ကျော်ထင်ပါအဖွဲ့၏ လုပ်ဆောင်ချက်များသည် တည်ဆဲဥပဒေများအရ အရေးယူခံရဖွယ်ရှိကြောင်း သုံးသပ်ပြောကြားလျက်ရှိကြသည်။

ထို့အတူ အချို့သောပြည်သူများကလည်း ယခုကဲ့သို့ လုပ်ဆောင်သူများသည် တည်ဆဲဥပဒေများအရ ၎င်းတို့အဖမ်းခံရပါက ပြည်တွင်းပြည်ပတွင် လူသိများပြီး နာမည်ကြီးလာမည်ဖြစ်သည့်အတွက် နာမည်ကြီးလာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း။

ထိုသို့ဖြစ်လာပါက ပြည်ပဆန့်ကျင်ဘက်အဖွဲ့များနှင့် ပြည်ပမီဒီယာများက ဝိုင်းဝန်းမြှောက်ပင့်ရေးသားလာစေရန်၊ ထိုမှတစ်ဆင့် ပြည်ပမှဆုတံဆိပ်များ၊ ဆုကြေးငွေများ ချီးမြှင့်ထောက်ပံ့လာစေရန် မျှော်ကိုးပြီး ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း။

ယခင်ကလည်း ထိုကဲ့သို့ နာမည်ကြီးလူသိများစေရန်နှင့် ပြည်ပမှချီးမြှင့်သည့် ဆုတံဆိပ်ဆုကြေးများရရှိစေရန် ယင်းကဲ့သို့ လုပ်ဆောင်ခဲ့သည့်သာဓကများရှိကြောင်း၊ အလားတူ ဖော်ပြပါနည်းလမ်းအတိုင်း ထပ်မံလုပ်ဆောင်မည့်သူများလည်း ရှိနေသေးသည်ဟု ကြားသိရကြောင်း။

၎င်းတို့၏ထင်ပေါ်ကျော်ကြားလိုမှု၊ ကိုယ်ကျိုးစီးပွားရရှိလိုမှုအတွက် ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် အများပြည်သူတို့အား အနှောင့်အယှက်ပြုရာရောက်ကြောင်း၊ လူစုလူဝေးဖြင့် ဆူညံစွာအော်ဟစ်မှုကြောင့် ပတ်ဝန်းကျင်ရှိ လူအများအား အထိတ်တလန့်ဖြစ်စေကြောင်း၊ အေးချမ်းစွာ နေထိုင်သွားလာလုပ်ကိုင်ရောင်းဝယ်ဖောက်ကားလိုသော ပြည်သူလူထု၏ ဆန္ဒကိုထိခိုက်ပျက်ပြားစေကြောင်း၊ ရှန်းရင်းဆန်ခတ်မှုကိုလည်း ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့်၎င်းတို့၏ လုပ်ရပ်သည် တရားဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် အရေးယူခံရဖွယ်ရှိကြောင်း စသည်ဖြင့် ဝေဖန်သုံးသပ်ပြောကြားနေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးထံ နယ်မြေခံတပ် မိသားစုများ အတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။
(သတင်းစဉ်)

⇨ ရှေ့ဖုံးမှ

ခရီးစဉ်တစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေ တွေ့ရှိချက်အရ လမ်း၊ တံတားပိုင်းအနေဖြင့် လဲချားနှင့် မိုင်းရှူးလမ်းပိုင်း၊ မိုင်းနောင်–ဝမ်ဆင်း လမ်းပိုင်း၊ ခိုလမ်–နမ့်စန်–မိုင်းနောင် လမ်းပိုင်းများမှာ ဒေသအတွင်း အရေးကြီးသော ဆက်သွယ်ရေးလမ်းများဖြစ်ကြ၍ ဒေသခံပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်အောင် အဆင့်ဆင့်တိုးမြှင့် ပြုပြင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဌေးက ဒေသအတွင်းရှိ တက္ကသိုလ်များ၌ ပညာသင်ကြားမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် လွိုင်လင်–တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာလာရာ ဟိုပုန်းမြို့အဝင်၌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်က စိုက်ပျိုးထားသော ခြစ်စည်းရိုးကြက်ဆူပင်ဧက ၁၀၀၀ စိုက်ကွင်းသို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက စိုက်ပျိုးရန် မြေပြုပြင်ထားရှိမှုနှင့် စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ခြစ်စည်းရိုးကြက်ဆူကို နိုင်ငံတော်က လျာထားသတ်မှတ်ပေးထားသည့်အတိုင်း သတ်မှတ်ဧကပြည့်မီကျော်လွန်အောင် ကြိုးပမ်းစိုက်ပျိုးရန်နှင့် ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ဒေသတွင်း စက်သုံးဆီလိုအပ်ချက်ကို ဇီဝဒီဇယ်ဆီဖြင့် ဆောလျင်စွာ ဖြည့်ဆည်းနိုင်ရေးစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ခြစ်စည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန် သတ်မှတ်ထားရာ ၂၀၀၆ ခုနှစ်တွင် ဧက ၁၅၀၀၀၀၊ ဒုတိယနှစ်တွင် ဧက ၁၅၀၀၀၀ နှင့် တတိယနှစ်တွင် ဧက ၂၀၀၀၀၀ စိုက်ပျိုးရန် လျာထားသည့်အနက် ၂၀၀၆ ခုနှစ်တွင် ၁၅၂၄၄၈ဧက စိုက်ပျိုးထားပြီး ဖြစ်ကြောင်း၊ ဆက်လက် စိုက်ပျိုးသွားရန်အတွက် စိုက်ပျိုးပင် ၇၀၂၀၀၀နှင့် ကိုင်းစိုက်အပင် ၁၇၂၅၆၀၀ ပျိုးထောင်ထားပြီး ကြက်ဆူစေ့ စုဆောင်းမှုအဖြစ် တိုင်းစစ်ဌာနချုပ်အပါအဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၄၈၄၈၆ ပြည် စုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဟိုပုန်းမြို့မှ ဆက်လက်ထွက်ခွာလာပြီး တောင်ကြီးမြို့သို့ ရောက်ရှိသည်။ (သတင်းစဉ်)

## အင်တာနက် ကျန်းမာရေးသတင်း

# ချက်ကြိုးမှရယူသော သွေးဆဲလ်ဖြင့် သွေးကင်ဆာရောဂါသည်ကို ကုသအောင်မြင်

**တဲလ်အဗစ် ဖေဖော်ဝါရီ ၂၂**

အစ္စရေးနိုင်ငံမှ သွေးကင်ဆာရောဂါသည် လူနာအမျိုးသမီးတစ်ဦးကို မီးဖွားပြီးခါစ မိခင်နှစ်ဦးထံမှရသည့် ချက်ကြိုးမှ သွေးဆဲလ်များကို အသုံးပြု၍ကုသမှုပေးခဲ့ရာ အောင်မြင်မှုရခဲ့ကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။

ဖော်ပြပါကုသမှုကို တယ်ဟာရှိုမာမြို့ရှိ ရှီဘာဆေးရုံတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အလှူရှင်တစ်ဦးတည်းထံမှရသော ချက်ကြိုးတွင်ပါဝင်သည့် ပင်မသွေးဆဲလ်ပမာဏသည် ရောဂါကုသရန် မလုံလောက်သည့်အတွက် မိခင်နှစ်ဦးထံမှ ချက်ကြိုးကို ရယူအသုံးပြုခဲ့ရခြင်းဖြစ်သည်။ ယခင်အခါများက လူကီးမီးယားသွေးကင်ဆာရောဂါဖြစ်လျှင် ရိုးတွင်းခြင်ဆီကို ရယူကုသပေးလေ့ရှိသည်။

ထိုသို့ကုသရာ၌ ရိုးတွင်းခြင်ဆီကို လက်ခံမည့်သူနှင့် ပေးလှူမည့်သူတို့၏ တစ်သျှူးအမျိုးအစားများ တူညီရန်လိုအပ်သည်။ သို့သော် ချက်ကြိုး၏ သွေးပင်မဆဲလ်မှ ရယူအသုံးပြု၍ ကုသရာ၌မူ ရိုးတွင်းခြင်ဆီမှာကဲ့သို့ တစ်ထေရာတည်း တူညီရန်မလိုဟုဆိုသည်။

သို့ဖြစ်၍ ရိုးတွင်းခြင်ဆီတွင် တူညီသူအလှူရှင်ရှာရန် အလွန်ခက်ခဲသော်လည်း ချက်ကြိုးမှ သွေးဆဲလ်ကိုရယူရာ၌မူ ရိုးတွင်းခြင်ဆီမှာကဲ့သို့ မခက်ခဲဟုဆိုသည်။ ချက်ကြိုး၏သွေးဆဲလ်မှ ပင်မဆဲလ်ရယူ၍ သွေးကင်ဆာ ကုသပေးသောနည်းသည် ယခုအခါ ကမ္ဘာ့ဆေးရုံအချို့တွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာပြီ ဖြစ်ကြောင်းသိရသည်။ **အင်တာနက်**



# အေအိုင်ဒီအက်စ် ပဟေဠိဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန၊ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း စီစဉ် ဆောင်ရွက်သည့် မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိပြိုင်ပွဲ ရေဒီယိုအစီအစဉ်ကို ယမန်နေ့ နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြပြီး **(အပေါ်ပုံ)** ပထမဆုကို ခရမ်းမြို့နယ်မှ မောင်သန့်စင်၊ ဒုတိယဆုကို မအူပင်မြို့နယ်မှ မချစ်စုမွန်၊ တတိယဆုကို ညောင်တုန်းမြို့နယ်မှ မစိုးမိုးသူနှင့် နှစ်သိမ့်ဆုကို သုံးခွမြို့နယ်မှ မဇာဇာထွန်းတို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ပါဝင်အဖြေညှိလိုသူ ဝါသနာရှင်များအနေဖြင့် အမှတ်(၄၄) သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာန ဖုန်း–၃၇၉၀၅၀နှင့် အမှတ်(၈၇၊ ၈၉၊ ၉၁) ပန်းဆိုးတန်းလမ်းရှိ ခုခံအားကျ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက် ဖုန်း–၂၄၆၇၀၄ နှင့် ၃၇၈၆၅၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန် အနည်းငယ် တိုးလာနိုင်

**၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်**
**ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ**
**မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရန်ကုန်တိုင်း၊ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့ပြီး ချင်းပြည်နယ်တွင် ဖြစ်မြဲအောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲအောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် ညနေထိ ခန့်မှန်းချက်**

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

### ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုး စီးပွားတိုး

# လက်ရာအသစ်အဆန်းများဖြင့် ပြည်ပဈေးကွက်တက်လှမ်းမည့် တွံတေးမြို့က အိုးလုပ်ငန်း

သတင်းဆောင်းပါး–ညီညီစိုးညွန့်
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

တွံတေးမြို့သည် အိုးလုပ်ငန်းဖြင့် နာမည်ကြီး ထင်ရှားသည်။ လူတို့ အများဆုံး အသုံးပြုနေကြသည့် သောက်ရေအိုးများ၊ ပန်းစိုက်အိုးများ၊ နယ်များ၊ ကျေးရွာများတွင်သာ အသုံးများကြသည့် ရေထည့် စဥ့်အိုးများ၊ ငါးပိထည့်အိုးများမှာမူ ပြည်တွင်း၌ မရှိမဖြစ် အသုံးပြုကြရဆဲပင် ဖြစ်သည်။ ထို့အပြင် အိုးထည်၊ စဥ့်ထည်များကို သာမန်ထုတ်လုပ်မှု ပုံစံများအပြင် ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန်နှင့် ပြည်တွင်း၌ လူကြိုက်ပိုများ လာစေရန် Modern Art ဒီဇိုင်းများဖြင့်



တွံတေးမြို့ရှိအိုးအရောင်းဆိုင်တစ်ဆိုင်မှ ရောင်းချရန်ပြသထားသော ပန်းအိုးများကို တွေ့ရစဥ်။

တီထွင် ထုတ်လုပ်ရန် ကြိုးစားနေကြသည်။ တီထွင် ထုတ်လုပ်ပြီးသော စဥ့်ထည်များကိုလည်း ဈေးကွက် အတွင်း စတင်ဖြန့်ဖြူးနေပြီဖြစ်ကြောင်း သိရသည်။ မြန်မာ့စဥ့်ထည်ပစ္စည်းများမှာ ပျူခေတ်ကတည်းက စတင် လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ယခုထက်တိုင် လက်ရာ သေသပ် ကောင်းမွန်ဆဲဖြစ်၍ ခေတ်နှင့်အညီ ဒီဇိုင်း ဆန်းများဖြင့် ဆက်လက်ထုတ်လုပ်နိုင်ပါက ဈေးကွက် အတွင်း နေရာတစ်နေရာ ခိုင်ခိုင်မာ ရလာမည် ဖြစ်ပေသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၈ရက်နေ့တွင် ကြေးမုံ သတင်းအဖွဲ့သည် မြန်မာနိုင်ငံ စဥ့်အသင်း၏ အကူ အညီဖြင့် တွံတေးမြို့ရှိ အိုးလုပ်ငန်းများသို့ သွားရောက် လေ့လာခွင့်ရရှိခဲ့သည်။

အိုးတစ်လုံးရရန် အများဆုံး ၃၊၄၊၅ ရက်ခန့် လုပ်ရကြောင်း အချို့၍ အိုးလုပ်ပုံအဆင့်ဆင့်ကို တွံတေးမြို့ရှိ ဦးဉာဏ်ထွန်းအောင်–ဒေါ်နှင်းရီ အိုးရုံမှ ဒေါ်ရင်အေးက အကျယ်တဝင့်ရှင်းပြသည်။

ဆက်လက်၍ ဒေါ်ရင်အေးက **"အိုးလုပ်ငန်းကို ဘိုးစဥ်ဘောင်ဆက်လုပ်ကိုင်ခဲ့တာပါ။ ကုန်ကြမ်းစရိတ်၊ ခရီးစရိတ်နဲ့တွက်ရင် အကျိုးအမြတ် သိပ်မရှိပေမယ့် မိရိုးဖလာ အစဥ်အလာအရ ဆက်လုပ်နေတာပါ။ ရန်ကုန်မြို့ပေါ်မှာတော့ သောက်ရေအိုးနဲ့ ပန်းအိုး တွေအသုံးများပါတယ်၊ မြေကွက်လပ်ကျယ်ကျယ် ပြန့်ပြန့်ရှိတဲ့နေရာနဲ့ ငါးပိသိပ်တဲ့နေရာတွေမှာ စဥ့်အိုး တွေကို အသုံးပြုပါတယ်၊ တွံတေးက အိုးတွေကို မော်လမြိုင်ကျွန်း၊ ခရမ်း၊ သုံးခွ၊ ဒေးဒရဲ၊ ရန်ကုန်၊ ဖျာပုံ၊ ကျိုက်လတ်နဲ့ ထားဝယ်မြို့တွေကို ပို့တယ်၊ သောက်ရေအိုးနဲ့ ပန်းအိုးတွေကို ပုံစံအမျိုးမျိုးနဲ့ ထုတ်တာများတယ်။ ဝယ်သူက ပုံစံပေးပြီး လုပ်ခိုင်း ရင်လည်း လုပ်ပေးပါတယ်။**

**တွံတေးအိုးလို့နာမည်ကြီးတာကတော့ နံပါတ် (၁)အနေနဲ့ ပန်းစိုက်အိုးပေါ့ ဒီအိုးကိုလုပ်ထားတဲ့ မြေသားက အရမ်းကောင်းတော့ မိုးထိ၊ ရေထိ ဖြစ်ပေမယ့် ဘာမှမဖြစ်ဘူး၊ မပျက်စီးဘူးပေါ့၊ သောက် ရေအိုးကလည်း ပလတ်စတစ်တွေ၊ ဖိုက်ဘာတွေက ပူတဲ့အခါ ရေသောက်ရင်မအေးဘူး၊ ဒီရေအိုးတွေက သဘာဝအေးတာပေါ့၊ တွံတေးကရွှံ့စေးက ပိုကောင်း လို့လည်း ဒီလိုဖြစ်တာပါ၊ ဒါတွေကြောင့်လည်း တွံတေး အိုးလို့နာမည်ကြီးတာ ထင်ပါတယ်"**ဟု ပြောပြသည်။

စဥ့်ထည်များ ပြုလုပ်ပုံပြုလုပ်နည်းနှင့် ပတ်သက် ၍လည်း အိုးလုပ်သည့်ပုံစံအတိုင်းပင် ပြုလုပ်ရပြီး အခြောက်ခံထားသည့်အိုးကို စဥ့်ရည်နှင့်သုတ်လိမ်းခြင်း ဖြစ်သည်။ စဥ့်အရောင်များစွာရှိသော်လည်း ပြည်တွင်း၌ အဝါ၊ နီညိုနှင့် အစိမ်းရောင်ကိုသာ အများဆုံး ထုတ်လုပ်သည်ဟု သိရသည်။ ပြည်တွင်း၌ အသုံးများ ကြသည့် အချိန်အစိတ်ဝင်အိုးများ၊ ငါးပိသာ ဝင် အိုးများ၊ ဆီအိုး၊ ကလေး၊ ပိုက်နှင့် ဂရုတ်ဆုံစသည့် ပစ္စည်းများကို အဓိကထုတ်လုပ်သည်ဟု သိရသည်။ စဥ့်ထည်ပစ္စည်းအသစ်အနေဖြင့် ဘုရားဆင်းတုတော် များ၊ ကျောက်ပြားများ၊ ပန်းအိုးအသေးစားများ၊ ဒီဇိုင်း အသစ်အဆန်းနှင့် ဆီမီးထွန်းခွက်များ၊ ဆင်ရုပ်၊ ခြင်္သေ့ရုပ်နှင့် မြင်းရုပ်စသည်များကိုလည်း စတင်တီထွင် ဖန်တီးလျက်ရှိသည် ဟုအိုးလုပ်ငန်းမှ တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

**အိုးလုပ်သားတစ်ဦး ပန်းအိုးတစ်လုံးကို ပုံဖော်နေစဥ်။**



စဥ့်ထည်တွေကို သာမန်ပုံစံမလုပ်ဘဲ အသစ် အဆန်း အလှအပတွေနဲ့လုပ်မှသာ ပြည်ပကသာမက



**မီးဖုတ်ပြီးစီးသွားသည့် ရေအိုးများအား ဖိုအတွင်းမှ ထုတ်ယူရန် အိုးလုပ်သားတစ်ဦးက ပြင်ဆင်နေစဥ်။**

ပြည်တွင်းမှာပါ လူကြိုက်များလာမယ်။ ဒီကအသစ် အဆန်းထွင်ကြည့်တဲ့ စဥ့်ထည်တွေကို၊ အိုးမှာတဲ့နေရာ တွေကို ပို့ကြည့်ဖူးတယ်။ သူတို့ကကြိုက်ပြီး ပြန်မှာ တဲ့အခါ ကိုယ့်မှာ ကုန်ကြမ်းအလုံအလောက် မရှိတဲ့ အတွက် မှာသလောက် လုပ်မပေးနိုင်ဘူး။ ဒီဇိုင်း ဆွဲပြီးလုပ်တာက အချိန်ပိုပေးရတယ်။ သာမန်အိုး တစ်လုံး လုပ်မယ်ဆိုရင် တစ်နေ့ အိုး ၃၀ လောက်ပြီး နိုင်ပေမယ့် ဒီလိုအလှအပတွေနဲ့ ဒီဇိုင်းဆွဲမယ်ဆိုရင် ငါးလုံးလောက်ပဲ ပြီးတော့တယ်။ ကုန်ကြမ်းနဲ့ စရိတ် အခြေအနေအရ မျှော်မှန်းသလို ဖြစ်မလာသေးဘူး။ မြန်မာ့စဥ့်ထည် ပြည်တွင်း၊ ပြည်ပကို ထိုးဖောက်ဖို့ ဆိုရင် နည်းပညာ၊ ကုန်ကြမ်း၊ အရင်းအနှီးနဲ့ ဈေးကွက် ရှာဖို့လိုပါမယ်" ဟု တွံတေးမြို့ရှိ အိုးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မြန်မာ့စဥ့်ထည်သမိုင်း အစဥ်အလာကြီးမားပုံနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံ စဥ့်အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က **"အခုဆိုရင် မြန်မာ့စဥ့် သမိုင်းက တော်တော်ကြီးကြောင်း သိနေကြပါပြီ။ အရှေ့တောင်အာရှ စဥ့်သမိုင်းကိုရေးရင် မြန်မာနိုင်ငံ အကြောင်းက အခန်းတစ်ခန်းပါ ပါတယ်။ ၂၀၀၅ ခုနှစ်က တွံတေးမြို့ တံခွန်တိုင်ကျေးရွာမှာ တူးဖော်ရရှိ ခဲ့တဲ့ ဗုဒ္ဓရုပ်ပွားတော်သုံးဆူဟာ စဥ့်ရည်သုတ်ထားပြီး ရှေးဦးပျူခေတ် လက်ရာတွေလို့ သိရှိရပါတယ်။ ပျူခေတ်ဆိုတော့ အေဒီ–၅ ရာစုလောက်မှာပေါ့။ ၁၁ ရာစုနဲ့ ၁၂ ရာစုမှာလည်း ပုဂံနှင့်ပဲခူးမြို့ရှိ စေတီ ပုထိုးများမှာ စဥ့်ထည်တွေ့နေရပါပြီ။ ၁၃ ရာစုမှာ မုတ္တမအိုးလို့ နာမည်ကြီးခဲ့သလို ၁၅ ရာစုလောက် ကတည်းက အာရပ်ကို အိုးတွေပို့နေပါပြီ။ စဥ့်ထည် ပစ္စည်းတွေ တူးဖော်ရရှိလို့ စဥ့်ဖိုတွေကို ရှာဖွေခဲ့ရာမှာ တွံတေး၊ ပုသိမ်၊ မြောင်းမြတို့မှာ ဖိုတွေအမြောက် အမြား တွေ့ခဲ့ရတယ်။**

**ပြည်တွင်းမှာ ခဲအခြေခံစဥ့်တွေကို ပန်းခြံ၊ ဟိုတယ်နဲ့ အိမ်တွေ အလှဆင်တာမှာပဲသုံးပြီး အစား အသောက်နဲ့ ပတ်သက်တဲ့ဟာတွေကိုတော့ ခဲအဆိပ် ပါမှာစိုးလို့ မသုံးပါဘူး။ သစ်ပင်ပြာ အခြေခံစဥ့်တွေ ကိုတော့ အိုးခွက်၊ ပန်းကန်တွေ လုပ်ပါတယ်။ ဒီခဲနဲ့ သစ်ပင် ပြာစဥ့်တွေကို ပြည်တွင်းမှာ ပြန်လည် လုပ်နိုင်အောင် ကျွန်တော်တို့က နည်းပညာပြန့်ပွား ပေးပါတယ်။ အခု ဂျပန်နိုင်ငံက ရှေးဟောင်းစဥ့်ထည် အိုးကို နမူနာပေးပြီး အလုပ်အပ်ထားပါတယ်။ ဒီက စဥ့်ထည်တွေကို ပြင်သစ်၊ အမေရိကန်၊ အင်္ဂလန်တို့က အကြိုက်များပြီး အာရှမှ ဂျပန်၊ စင်ကာပူနဲ့ မလေးရှား တို့ကလည်း မှာယူကြပါတယ်။ မြန်မာစဥ့်သမိုင်းက နာမည်ရပြီးသားဖြစ်လို့ ရှေးဟောင်းပစ္စည်းကို အခြေခံထားပြီး ပြန်လုပ်ပြီး ဈေးကွက်မှာ ရောင်းရင်ပိုပြီး လူကြိုက်များမယ်။ ပြည်တွင်းရော ပြည်ပမှာပါ ဈေးကွက်ရပါလိမ့်မယ်"** ဟု ကြေးမုံသို့ ပြောကြား သွားသည်။ ။ (ကြေးမုံ)

**စဥ့်အိုးများအား အစီအရီနေရာချထားသည်ကို တွေ့ရစဥ်။**





စီးပွား/ကူးသန်းအသင်းမှ မျိုးမင်းထွန်း၏တိုက်စစ်ကို ကာကွယ်ရေးနောက်တန်းမှ လျှောထိုးဖျက်ထုတ်စဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

# မြန်မာလိဂ် အဆင့်မြင့်တန်းဘောလုံးပွဲ စီးပွား/ကူးသန်းနှင့် လယ်/ဆည်တို့ အနိုင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့်အောင်ဆန်းကွင်းတို့တွင် ကျင်းပရာ စီးပွား/ကူးသန်းအသင်းနှင့် လယ်/ဆည်အသင်းတို့ အနိုင်ရရှိသွားကြသည်။

**(သုဝဏ္ဏကွင်း)**

**စီးပွား/ကူးသန်း နှစ်ဂိုး**
(စထက်နိုင်ဝင်းနှင့် မျိုးမင်းထွန်း)
**ကာကွယ်ရေး တစ်ဂိုး**
(ထွန်းမင်းနိုင်)
**ဒိုင်လူကြီး ဦးကိုကိုနိုင်**

အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယနေရာ၌ရှိသော ကမ္ဘောဇကို အမီလိုက်ရန် စီးပွား/ကူးသန်းမှာ ပွဲစကတည်းက အနိုင်ရရှိရေးကြိုးစားကစားသွားခဲ့သည်။ ကာကွယ်ရေးအသင်းမှာ စီးပွား/ကူးသန်းကို ခြေရည်တူ ကစားနိုင်သော်လည်း အနိုင်ရလဒ်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ယနေ့ပွဲအပြီးတွင် စီးပွား/ကူးသန်းက ၁၁ပွဲကစား ခြောက်ပွဲနိုင် ငါးပွဲသရေ ရှုံးပွဲမရှိ၊ ဂိုး ၃၀သွင်း၊ ၁၂ဂိုးပေး၊ ၂၃မှတ်ဖြင့် တတိယနေရာတွင် လည်းကောင်း၊ ကာကွယ်ရေးအသင်းက ၁၁ပွဲကစား၊ သုံးပွဲနိုင်၊ သုံးပွဲသရေ ငါးပွဲရှုံး၊ ၂၁ဂိုးသွင်း၊ ၁၅ဂိုး ပေး၊ ၁၂မှတ်ဖြင့် နဝမနေရာတွင် လည်းကောင်း ရပ်တည်နေသည်။

**(အောင်ဆန်းကွင်း)**

**လယ်/ဆည် သုံးဂိုး**
**ပို့ဆောင်ရေး နှစ်ဂိုး**

လယ်/ဆည်အသင်းက ၁၁ပွဲကစား၊ လေးပွဲနိုင်၊ သုံးပွဲသရေ၊လေးပွဲရှုံး၊ ၁၈ဂိုးသွင်း၊ ၁၇ဂိုးပေး ၁၅မှတ်ဖြင့် သတ္တမနေရာတွင် လည်းကောင်း၊ ပို့ဆောင်ရေးအသင်းက ၁၁ပွဲကစား လေးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံး၊ ၁၅ဂိုးသွင်း၊ ၁၂ဂိုးပေး၊ ၁၅မှတ်ဖြင့် ဆဋ္ဌမနေရာတွင်လည်းကောင်းရပ်တည်နေသည်။

**ယနေ့ပွဲ**

**ညနေ ၃နာရီခွဲ**
**(အောင်ဆန်းကွင်း)**
**သစ်တောရေးရာနှင့် မြန်မာ့မီးရထား**
**(သုဝဏ္ဏကွင်း)**
**ပြည်ထဲရေးနှင့် စွမ်းအင်**

(ကြေးမုံ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၃-၂-၂၀၀၇ (သောကြာနေ့)

**နံနက်ပိုင်း**

**၇း၀၀** ၁။ မြဝတီအဖွင့်
**၇း၀၅** ၂။ အဖွင့်သီချင်း
**၇း၁၀** ၃။ မျိုးချစ်တပ်မတော်
**၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇း၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇း၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇း၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈း၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈း၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈း၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄း၀၀** ၁။ မြဝတီအဖွင့်
**၄း၀၅** ၂။ အဖွင့်သီချင်း
**၄း၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
**၄း၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
**၄း၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
**၄း၅၅** ၆။ မျိုးချစ်တပ်မတော်
**၅း၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
**၅း၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
**၆း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၆း၁၀** ၁၀။ နိုင်ငံတကာသတင်း
**၆း၂၀** ၁၁။ မိုးလေဝသသတင်း
**၆း၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆း၃၅** ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
**၆း၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
**၇း၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၁၂)**
**၈း၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၇)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

# ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ချယ်လ်ဆီးနှင့် ပေါ်တိုသရေကျ

**ပေါ်တို ဖေဖော်ဝါရီ ၂၂**

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းနှင့် ပေါ်တူဂီနိုင်ငံမှ ပေါ်တိုအသင်းတို့ ပေါ်တူဂီနိုင်ငံမြောက်ပိုင်း ပေါ်တိုမြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ပွဲချိန် ၁၂မိနစ်တွင် ပေါ်တိုအသင်းမှ ရာအူးလ်မေရီလက်စ်က ဖွင့်ဆော်ဦးဂိုးသွင်းနိုင်ခဲ့သော်လည်း နောက်လေးမိနစ်အကြာတွင် ချယ်လ်ဆီးအသင်းမှ အင်ဒရေရှက်ချင်ကိုက ချေပဂိုးသွင်းယူနိုင်သည်။ **အင်တာနက်**



ချယ်လ်ဆီးအသင်းမှ ရှက်ချင်ကို (ယာ)က ပေါ်တိုအသင်းဘက်သို့ ချေပဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# စပိန် ဘာစီလိုနာအသင်းကို လီဗာပူးအသင်း အနိုင်ရ

**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၂**

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ် ပထမအကျော့ဘောလုံးပြိုင်ပွဲအဖြစ် လီဗာပူးအသင်းနှင့် ဥရောပချန်ပီယံ ဘာစီလိုနာအသင်းတို့ စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လီဗာပူးအသင်းအတွက် ခရိတ်ဘယ်လာမီနှင့် ဂျွန်အန်းရေးစ်တို့က အသီးသီးဂိုးသွင်းပေးနိုင်ခဲ့ကြသည်။

ဘာစီလိုနာအသင်းသည် ၂၀၀၃ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ဥရောပဘောလုံးပွဲများအနက် ၎င်း၏ အိမ်ကွင်းတွင် ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးတိုက်စစ်မှူး ဘယ်လာမီသည် ၎င်း၏ကစားဖော် ဂျွန်အန်းရေးစ်အား ပွဲကြိုလေ့ကျင့်ရေးကွင်းတွင် ဂေါက်သီးရိုက်တုတ်ဖြင့် ရိုက်နှက်ခဲ့မှုအတွက် ဒဏ်ငွေဒေါ်လာ ၁၅၆၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခံထားရသူဖြစ်သည်။ ဝေလနယ်သား ဘယ်လာမီသည် ပထမပိုင်းပြီးဆုံးရန် နှစ်မိနစ်အလိုတွင် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းအတွက် အန်ဒါဆန်ဒေကိုက ပွဲချိန် ၁၄မိနစ်တွင် ဂိုးသွင်းခဲ့သည်။ **အင်တာနက်**





လီဗာပူးအသင်းမှ ဂျွန်အန်းရေးစ် ဘာစီလိုနာအသင်းဘက်သို့ ဂိုးသွင်းနိုင်ခဲ့ပြီးနောက် အောင်ပွဲခံစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အင်တာမီလန်နှင့် ဗလင်စီယာ နှစ်ဂိုးစီသရေကျ

**မီလန် ဖေဖော်ဝါရီ ၂၂**

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် ရှုံးထွက် ပထမအကျော့ပွဲအဖြစ် အီတလီမှ အင်တာမီလန်အသင်းနှင့် စပိန်မှ ဗလင်စီယာအသင်းတို့ မီလန်မြို့ရှိ ဆန်စီရိုကွင်းတွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။ **အင်တာနက်**

# ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲသတင်းများ

# ချန်ပီယံလိဂ်ဆုဖလားရရှိရန် ဖရန်ဆက်စကိုတော်တီ မျှော်လင့်

**ရောမ ဖေဖော်ဝါရီ ၂၂**

မိမိ၏ အသင်းသည် ချန်ပီယံလိဂ်ဆုဖလားကို ရရှိမည်ဟု မျှော်လင့်ကြောင်း အေအက်စ်ရိုးမားအသင်းမှ ဖရန်ဆက်စကိုတော်တီက ယနေ့ပြောကြားသည်။ ရိုးမားအသင်းသည် ဗုဒ္ဓဟူးနေ့က ရောမမြို့ရှိ အိုလံပစ်အားကစားကွင်းတွင် ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ပြင်သစ်လီယွန်အသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။

ရိုးမားအသင်းသည် ၎င်း၏ အိမ်ကွင်းဖြစ်သော စတေဒီယိုအိုလင်ပီကိုကွင်းတွင် ကစားရခြင်းဖြစ်သော်လည်း အသာစီးဖြင့် ကစားနိုင်ခဲ့ခြင်းမရှိပေ။

စီးရီးအေပြိုင်ပွဲဝင် ရိုးမားအသင်းသည် ပြင်သစ်ချန်ပီယံ လီယွန်အသင်းနှင့် ဂိုးမရှိသရေကျခဲ့သော်လည်း ယင်းရလဒ်မှာ ကောင်းမွန်သည့်ရလဒ်ဖြစ်ကြောင်း၊ မိမိတို့ လီယွန်မြို့သို့အရောက်၌ ညှော့သည်အသင်းအဖြစ်ကစားရသည့်အခါ အနိုင်ရရှိမည်ဟု မျှော်လင့်ကြောင်း တော်တီကပြောကြားသည်။**အင်တာနက်**



**အေအက်စ်ရိုးမား အသင်းမှ ဖရန်ဆက်စကိုတော်တီ(ဝဲ)နှင့် လီယွန်အသင်းမှ အဲရစ်အဘစ်ဒယ်တို့ ဘောလုံး ရရှိရေးယှဉ်ပြိုင်ကြစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ပြင်သစ်လိုင်လီအသင်းကို ဆာဟာဝေဖန်

**ပါရီ ဖေဖော်ဝါရီ ၂၂**

အင်္ဂါနေ့က ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပွဲ စဉ်ပထမအကျော့ပွဲတွင် ပြင်သစ်နိုင်ငံမှ လိုင်လီအသင်း၏ အပြုအမူနှင့် ပတ်သက်၍ မန်ချက်စတာယူနိုက်တက်အသင်းမှ လူးဝစ်ဆာဟာက ဝေဖန်လိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းက လိုင်လီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရိုင်ယန်ဂစ်ကန်သွင်းခွင့်ရရှိသော ဖရီးကစ်နှင့်ပတ်သက်၍ အငြင်းပွားမှု အကြီးအကျယ်ဖြစ်ပေါ်ခဲ့သည်။ လိုင်လီအသင်း၏ လက်ထောက်နည်းပြ ဂျင်းနိုယယ်ဘတ်စ်သည် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် ၎င်း၏ ဘောလုံးသမားများ ကွင်းအတွင်းမှ ထွက်ခွာသွားရန် ခြေဟန်လက်ဟန်ဖြင့် ပြသခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းတွင် ပါဝင်ကစားနေသူ လူးဝစ်ဆာဟာသည် လိုင်လီအသင်း၏ အပြုအမူကို ရှုတ်ချပြောဆိုသည်။ လိုင်လီအသင်းသည် အမှားကျူးလွန်ခဲ့ကြောင်း ၎င်းက ဝေဖန်သည်။ **အင်တာနက်**





**ဖေဖော်ဝါရီ ၂၂ ရက်က လန်းစ်မြို့တွင် ကျင်းပသော ချန်ပီယံလိဂ်ဘောလုံး ပွဲတွင် မန်ချက် စတာယူနိုက်တက်အသင်းမှ ရိုင်ယန်ဂစ် ဂိုးသွင်း အပြီး အောင်ပွဲခံစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



# နှစ်ထပ်ဓမ္မာရုံ ရေစက်ချမင်္ဂလာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မော်လမြိုင်မြို့ စစ်ကဲကုန်း ရပ်ကွက်ရှိ သာသနာ ၂၅၀၀စေတီတော်မြတ်ကြီး၏ သက်တမ်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် သာသနာ ၂၅၀၀ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၁၀၀၀ အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် နှစ်ထပ်ဓမ္မာရုံသစ် ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်မွန်းတည့်၁၂နာရီတွင်နှစ်ထပ်ဓမ္မာရုံသစ်၌ ကျင်းပသည်။

နှစ်ထပ်ဓမ္မာရုံသစ် ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များရှိ နာယကဆရာတော်ကြီးများ၊သာသနာ၂၅၀၀ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇနိယ အမှူးပြုသော သံဃာတော်များ၊ စာအောင် သံဃာတော်များ၊ ထီးတော်သစ်နှင့် အောင်လက်မှတ်ဆက်ကပ် ပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းချစ်ငွေနှင့် ကော်မတီဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်ထပ်ဓမ္မာရုံသစ်ကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များမှ ဆရာတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇနိယထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

ယင်းနောက် ပရိယတ္တိငွေရတု အထိမ်းအမှတ် စာဖြေပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် သံဃာတော် ၄၁၈ ပါးတို့အား ကြီးကြပ်ရေးဆရာတော်များနှင့် ကျင်းပရေး ကော်မတီဝင်များက အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

## လယ်တီစံသာသနာ့ရိပ်သာ အထူးတရားပွဲများကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ မဟာညောင်ကုန်းကျောင်းတိုက် လယ်တီစံမဟာစည်သာသနာ့ရိပ်သာတွင် ပုဇွန်တောင်ဈေးသူဈေးသားများ၏ ပထမအကြိမ် အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၃ရက် ည၌ အရှင်ဇဝန(ပဲခူး)၊ ၂၄ရက်နှင့် ၂၅ရက် ညများ၌ အရှင်ဇနကာဘိဝံသ (ချမ်းမြေ့)၊ ၂၆ရက် ည၌ အရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်)၊ ၂၇ရက် ည၌ အရှင်ခေမိန္ဒ(စစ်ကိုင်း–ခင်မကန်)တို့က အနိုင်းမဲ့ဖြစ်သော တရားအလှူကိုပေးလှူမည်ဖြစ်၍ (တရားအလှူခံ) တရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

(က–ပ)

**ရန်ကုန်မြို့နေ ဒေါ်လွန်းမေ (ဒုလာ၊ မီးယပ်)ဆေးတိုက် ပိုင်ရှင် မိသားစုက မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ ကျေးရွာမူလတန်းလွန်ကျောင်း အတွက် အလှူတော်ငွေကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမင်းစံ သိန်း လက်ခံယူစဉ်။** (က–ပ)



# တိပိဋကဆရာတော်ကြီးများ တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၇)ရပ်ကွက်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်၏(၅၁)ကြိမ်မြောက် ဆုတောင်းပြည့်စေတီဗုဒ္ဓပူဇနိယပွဲတော်တွင် တိပိဋကကောဝိဒဆရာတော်ကြီးများ၏ ဓမ္မသဘင်အဖြစ် ဖေဖော်ဝါရီ၂၄ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာ(မော်ကျွန်းဆရာတော်)၊ ၂၅ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်)၊ ၂၆ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တ ကုန္ဒပါလ(ရမ္မာဝတီဆရာတော်)၊ ၂၇ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ(မြင်းမူဆရာတော်)၊ ၂၈ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒဘဒ္ဒန္တ သုန္ဒရ(စွန်းလွန်း ဆရာတော်)၊မတ်၁ရက်တွင် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊ ၂ရက်တွင် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံ (ယောဆရာတော်)တို့က ညစဉ်တရားတော်များ ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်ရာ ဆရာတော်ကြီးများအား ပူဇော်လှူဒါန်းလိုသူများသည် ဖုန်း–၅၉၂၁၆၂သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)



## ဆက်ကပ်

**မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းနေ (ဦးလှအောင်)–ဒေါ်ခင်အိ မိသားစုက ကွယ်လွန်သူ ဦးလှအောင်နှင့် သား ဦးစိုးညွန့်တို့အားရည်စူး၍ ငွေကျပ်သုံးသိန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# The LIVE NEWS ဂျာနယ် အမှတ်(၂၅) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၂၅) ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

**ဝေဝေဆာဆာ**

ကိုရီးယားနိုင်ငံမှ အပ်နှံထားသော လက်ချောင်းပေါင်း တစ်ထောင်၊ မျက်လုံးပေါင်းတစ်ထောင် ကွမ်ရင်ရုပ်တုကြီး အချောသပ်ပြီးစီး၊ အာဆီယံခရီးသွားလုပ်ငန်းဖွင့်ပွဲတွင် မြန်မာဒီဇိုင်နာ၏ လက်ရာများအား စင်ကာပူမော်ဒယ်များနှင့် ဆင်ယင်ပြသ၊ မြန်မာတွေ ဘာစားကြမလဲ၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်ရှိ သဘာဝအလှအပများက နိုင်ငံခြားသားများကို ဆွဲဆောင်နေ၊ မြင်းမူမြို့က ဘကြီးဆင်၊ နိုင်ငံတကာ အလှမွေးငါးပွဲတော်သို့ မြန်မာနိုင်ငံမှ ငါးဝါသနာရှင်များ သွားရောက်လေ့လာနိုင်၊ ဤခရီးမဝေးပါ၊ နောက်ဆုံးပေါ် အမေရိကန် F-22 တိုက်လေယာဉ်များ အိုကီနာဝါသို့ရောက်ရှိ၊ ကိုယ်ရေးလျှို့ဝှက်ချက်များကို ပွင့်လင်းစွာဖော်ထုတ်တင်ပြထားသော ပြင်သစ်သမ္မတကြီး ဂျက်ရှီရက်၏ စာအုပ်၊ ပါကစ္စတန်တရားရုံး၌ အသေခံဗုံးခွဲ၍ ၁၆ဦးသေဆုံး၊ဩစတြေးလျတွင် အမေရိကန်စစ်စခန်း အသစ်တစ်ခု တည်ဆောက်မည်၊ အီရတ်မှ အမေရိကန်တပ်များ ရက်ပေါင်း ၉၀အတွင်း စတင်ထွက်ခွာရန် ဟီလာရီကလင်တန် တောင်းဆို၊ နေ့စွဲမျဉ်းပေါ်က အစိမ်းရောင်မျဉ်းတန်း၊ ကိုဆိုဗို၊ တက္ကစီမင်းနှင့် ပန်းကုံးပြဿနာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင့်ဆွေမြင့်၊ စည်သူအောင်၊မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ မောင်နေလင်း၊ နီငြိမ်း (အညာတက္ကသိုလ်)၊ ထွဋ်ဝင်းထွဋ်နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(က–ပ)



**ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ချမ်းမြေ့ မေတ္တာလုံးချင်းအိမ်ရာနေ ဘိုကလေး ဒေါ်သန်းသန်း၏ နှစ်(၈၀)ပြည့် ပတ္တမြားရတုမွေးနေ့အဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ်သိန်း ၂၀ကို ရွှေရတုတိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တ ကုန္ဒပါလတို့ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)




## ပေးအပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်း စကားဖြူခြံ နေ ဦးမျိုးဇော်ထွန်း–ဒေါ်ဝတ်ရည်ထွေး၊သမီး မကေခိုင်မျိုး တော်ဝင် မိသားစုက အလှူတော်ငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

# ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် (၉)ရပ်ကွက် အင်းယားကန်ပန်းခြံရှိ စားသောက်ဆိုင် တစ်ဆိုင်၌ ဖေဖော်ဝါရီ ၁၇ရက်တွင် မီးအားမြှင့်စက်ဖွင့်ထားရာမှ အပူလွန်ကဲပြီး မီးလောင်မှု ဖြစ်ပွားခဲ့သဖြင့် ဆိုင်ခန်းလေးခန်း မီးလောင်ကျွမ်းခဲ့သည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် အဝေးပြေးကားဝင်းတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဖေဖော်ဝါရီ ၁၇ရက် ညနေ ၆နာရီခန့်တွင် ပလတ်စတစ်ပုံးအတွင်း ဓာတ်ဆီထည့်ရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် ဆိုင်းခန်းလေးခန်း မီးလောင်ကျွမ်းခဲ့ပြီး လူတစ်ဦး အနည်းငယ် ဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စီမံကိန်းအပိုင်း(၂) မြဝတီလမ်း၌ ဖေဖော်ဝါရီ ၁၈ ရက် ည ၈နာရီခန့်တွင် ဘုရားမီးပူဇော်ထားသော ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားပြီး နေအိမ်နှစ်လုံး မီးလောင်ကျွမ်းကာ လူ ၃၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မီးဘေးရှောင် မလောင်ခင်တား။**

**ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်။**

**မီးသည် သုံးတတ်လျှင် မိတ်ဆွေ မသုံးတတ်လျှင် ရန်သူ။**

## ရဲတပ်ဖွဲ့အငြိမ်းစားများ သက်ကြီးပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အငြိမ်းစား အသင်းမှကြီးမှူး၍ အသက်(၈၀) ကျော် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်(တနင်္ဂနွေနေ့)တွင် ရဲဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အပူဇော်ခံလူကြီးများအား ဖိတ်ကြားထားကြောင်း သတင်း ရရှိသည်။

(က–ပ)

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၂၇၂)ဟုခေါ်တွင်သော နံပါတ်(၇၄)မြေတိုင်းရပ်ကွက်အမှတ်(၂၉/စီ)၊ ရန်ကုန်မြို့၊ ကန်တော်မင် အရှေ့တိုက်နယ်၊ မြေကွက်အမှတ် (၃)၊ ပေ၁၆၀ x၈၃ပေရှိ နှစ် (၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ခေလှိုင်တာဝါ အဆောက်အအုံ၏ ပိုင်ရှင်များဖြစ်သည့် ဦးသိန်းဖေ(ISN–412550)နှင့် ဒေါ်သန်းသန်း (AA-092191)တို့၏ ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါ့အတိုင်း ကြေညာအပ်ပါသည်။

မြေရှင်နှင့်ကန်ထရိုက်တာတို့ချုပ်ဆိုခဲ့သည့်စာချုပ်များအရလည်းကောင်း၊ ရန်ကုန်တိုင်း တရားရုံး၏ တရားမကြီးမှုအမှတ် ၁၂၁၅/၂၀၀၄ ၏ (၁၅–၁၂–၂၀၀၆)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရလည်းကောင်း၊ ခေလှိုင်တာဝါအဆောက်အအုံ၏ အခန်းအမှတ်(၁၁၀၃/၁၁၀၄)ရှိ ခေလှိုင်ဆောက်လုပ်ရေးသည် ခေလှိုင်တာဝါနှင့် အမည်တူသာဖြစ်ကြောင်း၊ ခေလှိုင်တာဝါ အဆောက်အအုံအား ကြီးကြပ်စီမံခန့်ခွဲခွင့် မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဖေ–ဒေါ်သန်းသန်း**
**မြေနှင့် အဆောက်အအုံပိုင်ရှင်တို့၏**
**ညွှန်ကြားချက်အရ–**

**ဦးမြလှိုင်(တရားရုံးချုပ်ရှေ့နေ)**
**စဉ်– ၆၃၆၉**
**အမှတ် (၂၆)၊ မြောင်းကြီးလမ်း၊**
**(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်**

## မမိုးဝင်းအေး [၁၂/တမန(နိုင်)၀၀၄၃၀၃]အား သမီးအဖြစ်မှရာသက်ပန်စွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏ သမီးဖြစ်သူ မမိုးဝင်းအေး [၁၂/တမန(နိုင်)၀၀၄၃၀၃]သည် မိဘ၊မောင်နှမများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒသဘော အလျောက်အိမ်ထောင်ပြုပြီး ၁၁–၁–၂၀၀၇ရက်မှစ၍ ယနေ့တိုင် နေအိမ်သို့ ပြန်လာခြင်းမရှိပါ။ မိဘ ၊မောင်နှမများကိုလည်း အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်မောင်နှမများနှင့် လုံးဝမသက်ဆိုင်တော့ပါ။ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူတော့ကြောင်း အသိပေးကြေညာ လိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဖခင်– ဦးလှဝင်း [၁၂/တမန(နိုင်)၀၄၃၉၆၈]**
**မိခင်– ဒေါ်လှလှဝင်း [၁၂/တမန(နိုင်)၀၄၃၆၇၉]**
**အမှတ်–၁၁၇၊ ၁၅၇လမ်း၊ က+ဂရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်–

## တက္ကသိုလ်ဝင်တန်း

## ဇီဝဗေဒဘာသာ သိမှတ်ဖွယ်ရာ

အခုချိန်မှာ စာသင်နှစ် (၂၀၀၆–၂၀၀၇) ဇီဝဗေဒဘာသာရပ်ယူ ကျောင်းသား၊ ကျောင်းသူများဟာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြဖို့ ပြင်ဆင်နေပြီးဖြစ်မယ်လို့ ယုံကြည်ပါတယ်။ အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်သွားပေးမယ့် သင်ခန်းစာပဲ ဖြစ်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသားကျောင်းသူများ အဓိက သဘောပေါက် နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter 1 to 12 မှာ ပါရှိတဲ့ အကြောင်းအရာအားလုံးကို ကျေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ သင်ရိုးကုန်မကျက်ဘဲ မိမိအနေနဲ့ ကြိုက်သလို ရွေးချယ်ကျက်ထားမယ်ဆိုရင် အောင်မှတ်ရဖို့ပင် လွယ်ကူလိမ့်မည် မဟုတ်ပါ။ ဒီ့အပြင် အကြောင်းအရာမှ ကောက်နုတ်မေးထားတဲ့ မေးခွန်းမျိုးတို့ကို ဖြေဆိုနိုင်ကြမှာ မဟုတ်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေကြတဲ့အခါ အဆင်သင့် ဖြစ်စေဖို့အတွက် မေးခွန်းဟောင်းများကို လေ့လာကြဖို့လည်း လိုအပ်ပါတယ်။ မေးခွန်းဟောင်းများကို လေ့လာဖို့ တိုက်တွန်းတာကတော့ မေးခဲ့တဲ့ မေးခွန်းများဟာ တိုက်ရိုက်ပါတာနည်းပြီး တွေးတောဖြေဆိုရမယ့် မေးခွန်းများ ပိုပါတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလို၍ ဖြစ်ပါတယ်။ မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ပေးထားတဲ့အကြောင်းအရာဟာ မိမိကျက်မှတ်ထားတဲ့ အကြောင်းအရာဖြစ်ပေမယ့် ဘယ်လိုဖြေရမယ်ဆိုတာ နားလည်မှာမဟုတ်ဘူး။ ဇီဝဗေဒကို ထူးချွန်စွာ အောင်မြင်ဖို့ဆိုတာ Biology ဖတ်စာအုပ်ပါ Chapter (12) ခုလုံးကို ကျေညက်နိုင်မှ ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်မှာဖြစ်တယ်။

မေးခွန်းဟောင်းပုံစံကို လေ့လာကြမယ်ဆိုရင်–

1. True/False
2. Completion
3. Short Questions (2 Marks)
4. Short Questions (4 Marks)
5. Long Questions (8 Marks) စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

မေးခွန်းတစ်ခုစီမှာသတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ကြည့်မယ်ဆိုရင်–

No.1 Ture/False အမျိုးအစားမှာ(20)Statements(1)mark for each statement(20 marks)

No.2 Completion အမျိုးအစားမှာ(20)Statements(1)mark for each statement(20 marks)

No.3 Short Questions(2 marks for each)-a to f ၆ပုဒ် ပေးထားပြီး Answer All question လို့ ဖော်ပြထားတာကြောင့် (၆)ပုဒ် စလုံးဖြေဆိုရမယ်။ (2x6=12)

No.4 Short Questions (4 marks for each)-a to e (၅)ပုဒ်ပေးထားတယ်။ Answer ANY FOUR question လို့ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (၅)ပုဒ်ပေးထားတဲ့ အနက်(၄)ပုဒ် ဖြေဆိုရမယ်။ (4x4=16marks)

No.5 Long Questions(8 marks for each)-a to f (၆)ပုဒ် ပေးထားတယ်။ ဒီ No.5 မှာလည်း Answer ANY FOUR question လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်ပဲ ဖြေဆိုဖို့လိုအပ်တယ်။ (4x8=32 marks)

မေးခွန်းနံပါတ် 1,2 and 3 မှာတော့ အားလုံးဖြေဆိုရမယ်။ No.4 and No.5 မှာတော့ ရွေးချယ်ပိုင်ခွင့်ရတယ်။ နံပါတ် 1 and 2 ကတော့ လုံးဝရွေးချယ်ပိုင်ခွင့်မရှိဘူး။ No.3 ကျတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR)ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် 4 and 5 မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားတဲ့သူများ အဖို့တော့ အမှတ်ပြည့်လုနီးပါး ဖြေဆိုနိုင်ကြပါလိမ့်မယ်၊ Chapter ရွေးကျက်တဲ့သူများအဖို့ကတော့ အောင်မှတ်ရအောင် တော်တော်ကြိုးစားဖြေဆိုယူကြရပါလိမ့်မယ်။ ဒါကြောင့်(၂၀၀၆)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ကို ကြည့်မယ်ဆိုရင် အောင်တဲ့ရာခိုင်နှုန်းနဲ့ ရှုံးတဲ့ရာခိုင်နှုန်းကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ရှုံးတဲ့ရာခိုင်နှုန်းက ပိုများတယ် ဆိုတာတွေ့ရလိမ့်မယ်။ အောင်တဲ့ ရာခိုင်နှုန်းမှာ ကြည့်မယ်ဆိုပြန်တော့လည်း အောင်တဲ့ကျောင်းသား၊ ကျောင်းသူအများစုဟာ ဂုဏ်ထူးပါကြတာကို တွေ့ရှိကြရပါလိမ့်မယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းကို တွေးကြည့်မယ်ဆိုရင် အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသူ၊ ကျောင်းသားများအား သင်ရိုးကုန်ကို သဘောပေါက်နားလည်အောင် ကျေညက်စွာ ကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter 12 ခုလုံးကို စေ့စပ်စွာခြုံငုံမှု မရှိ၊ ကျရှုံးသူများကတော့ Chapter 12 ခုမှာ မိမိအတွက် လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကိုလေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter(12)ခုမှ အကြောင်းအရာများကို ဘယ်လိုခွဲဝေမေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင်–

No.1 TRUE/FALSE

| | | |
|---|---|---|
| Chapter 1 | i,ii, | (2 statements) |
| Chapter II | iii,iv | (2 statements) |
| Chapter III | v | (1 statements) |
| Chapter IV | vi,vii, | (2 statements) |
| Chapter V | viii,ix, | (2 statements) |
| Chapter VI | x,xi, | (2 statements) |
| Chapter VII | xii, | (1 statements) |
| Chapter VIII | xiii,xiv, | (2 statements) |
| Chapter IX | xv,xvi, | (2 statements) |
| Chapter X | xvii | (1 statements) |
| Chapter XI | xviii,xix, | (2 statements) |
| Chapter XII | xx | (1 statements) |

True/False statements များကို chapter (12)ခုလုံးမှ ပါဝင်အောင် ကောက်နုတ်ထားပါတယ်။ Statement များကို chapter III, VII, X and XII မှအပ ကျန် chapter မှ (2) statements စီ ကောက်နုတ်ထားတယ်။ chapter III, VII, X and XII များမှတော့ (1) Statement ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် chapter (8)ခုမှ 2 statements စီ(2x8=16) chapter (4) ခုမှ 1 statementစီ (1x4=4) စုစုပေါင်း (20marks) အနေနဲ့ chapter အားလုံး ခြုံငုံမိအောင် ကောက်နုတ် မေးထားတာ တွေ့ကြပါလိမ့်မယ်။

True/False statements များကို ဖြေဆိုဖို့ statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် Trueဖြစ်ပြီး၊ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့ ပေးထားတဲ့ statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ဒီလိုပေးထားတဲ့ အကြောင်းရင်းကတော့ True/False statement များကို ဖြေဆိုနိုင်ဖို့ English ဘာသာရပ်ကျွမ်းကျင်ဖို့လဲ လိုတယ်ဆိုတာ သဘောပေါက်စေလိုပါတယ်။ Chapter များပါ အကြောင်းအရာများကို သဘောပေါက်နားမလည်ထားဘူးဆိုရင် True/False statement များကို ဖြေဆိုနိုင်ကြမှာမဟုတ်ပါဘူး။ မဖြေနိုင်လို့ statement များကို False လို့ အားလုံး သို့မဟုတ် True လို့ အားလုံး ရေးသားဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့အထဲက ရသင့်တဲ့အမှတ် ရသွားနိုင်လိမ့်မယ်ဆိုတာ ကျောင်းသူ၊ ကျောင်းသားများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ True/False statement အားလုံးကို True သို့မဟုတ် False လို့ ဖြေဆိုထားခဲ့ရင် ကျောင်းသူ၊ ကျောင်းသားများအပေါ် အဖြေလွှာစစ်ဆေးသူများအနေနဲ့ အရင်ဆုံးကောက်ချက်ချမှာကတော့ ဒီကျောင်းသူ၊ ကျောင်းသားများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာ ဖြေဆိုနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒီ့အပြင် အမှတ်ပေးစဉ်းမျဉ်းအရ ထိန်းချုပ်မှုရှိပါတယ်။ အဲဒီလိုဖြေဆိုမယ်လို့ ရည်ရွယ်ထားတဲ့ ကျောင်းသူ၊ ကျောင်းသားများကို အထူးသတိပေးလိုတာကတော့ True/False statement များကို မိမိအမှန်တကယ်မှန်ရင် True၊ မှားရင် False လို့ တိကျစွာဖြေဆိုမှသာ မိမိဖြေဆိုထားတဲ့အပေါ် ရသင့်တဲ့ အမှတ်ကို ရနိုင်ကြမှာဖြစ်တယ်။

No.(2) Completion အမျိုးအစားမှာပါဝင်တဲ့ statement များကို No.1 True/False statement များမှာလိုပဲ Grade 11 Biology Text ထဲမှာပါတဲ့ chapter(12)ခုလုံးမှာ ကောက်နုတ်ခွဲဝေ မေးထားပါတယ်။ Completion statement များအတွက်ကတော့ ကွက်လပ်ချန်ထားခဲ့တဲ့နေရာမှာ မှန်ကန်တဲ့ Word ဟာ မှန်ပေမယ့် spelling မှားနေခဲ့ရင်တော့ ဖြည့်စွက်လိုက်တဲ့ Word အတွက် သတ်မှတ်ထားတဲ့အမှတ်ကို မရနိုင်ပါ။ ဒါကြောင့် Biology Text မှာပါတဲ့ အကြောင်းအရာများကို သဘောပေါက် နားလည်ထားရုံသာမဟုတ်၊ spelling များကိုလည်း သတိထားကျက်မှတ်ထားကြရပါလိမ့်မယ်။ အကောင်းဆုံးနည်းလမ်းကတော့ ကျက်မှတ်ထားသမျှကို ပြန်လည်ရေးသား ကျက်မှတ်ကြတဲ့ အကျင့်ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ရေးသားကျက်မှတ်တတ်တဲ့ အလေ့အထဟာ ကျက်ထားသမျှကို မှတ်မိစေနိုင်တဲ့ နည်းလမ်းကောင်း တစ်ခုဖြစ်ပါတယ်။

No.2 Answer All question(12) Marks လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့– a,b,c,d,e, f ရယ်လို့ (၆)ပုဒ်ပေးထားပြီး (၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။ No.3 (2 Marks) အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းမျိုးမှာ Grade 11 Biology text ပါ အကြောင်းအရာများကို ခွဲဝေထားတာကတော့ a.Chapter 1 to IV မှ (၁)ပုဒ်, b. Chapter V မှ (၁)ပုဒ်, c. Chapter VI မှ (၁)ပုဒ်, d. Chapter VII မှ (၁)ပုဒ် OR Chapter VIII မှ (၁)ပုဒ်, e.Chapter IX မှ (၁)ပုဒ် OR Chapter X မှ (၁)ပုဒ်, f.Chapter XI မှ (၁)ပုဒ် OR Chapter XII မှ (၁)ပုဒ်

No.3 မှာ answer all question ဆိုပေမယ့် (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသူ၊ ကျောင်းသားများမှာ ရွေးချယ်ပိုင်ခွင့်ရှိသေးတယ်။

Grade 11 Biology ဖတ်စာအုပ်မှာ–Chapter I-IV ပါ အကြောင်းအရာများဟာ အပင်များရဲ့ အခြေခံအကြောင်းအရာများပဲ ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်း No(2) မှာ အပင်ရဲ့ အခြေခံပိုင်းမှ (၁)ပုဒ် ရွေးချယ်ထားခြင်းဖြစ်တယ်။

Chapter V မှာတော့–နို့တိုက်သတ္တဝါ (mammal)များအကြောင်းကို အခြေခံရစေဖို့–

–Mammals အုပ်စုများ

–Mammals များရဲ့ general characteristics များနဲ့

–The Rabbit ကို ပုံစံပြု သတ္တဝါအနေနဲ့ organ system များနဲ့ ပြည့်စုံစွာဖော်ပြထားတာတွေ့ရှိကြပါလိမ့်မယ်။ သတ္တဝါအခြေခံပိုင်းမှ (၁)ပုဒ် No.2 question အမျိုးအစားမှာ မေးထားတယ်။

Chapter VI to XI ပါ အကြောင်းအရာများကတော့ သက်ရှိလုပ်ရပ်များ Life processes များကို အပင်နဲ့သတ္တဝါများကို ပုံစံပြု ပူးတွဲဖော်ပြထားပါတယ်။

သက်ရှိများရဲ့ အခြေခံအပိုင်းဖြစ်တဲ့ Chapter I to V ကို တကယ်သဘောပေါက် နားလည်ထားကြမယ်ဆိုရင် Life Processes များကို ဖော်ပြထားတဲ့ chapter များကို ဆက်စပ်တွေးခေါ် ကျက်မှတ်တတ်ကြပါလိမ့်မယ်။ အခြေခံပိုင်းကို ကျေကျေညက်ညက် သဘောပေါက်ထားမယ်ဆိုရင် chapter VI to X ဟာ ကျက်မှတ်ဖို့ လွန်စွာမှ လွယ်ကူတယ်ဆိုတာ ဆက်စပ်တွေးခေါ်တတ်ကြပါလိမ့်မယ်။ Chapter I to X အထိ သဘောပေါက်နားလည်ထားတဲ့ ကျောင်းသူ၊ ကျောင်းသားများအဖို့ကတော့ Chapter XII မှာ အရှေ့ Chapter များမှာ ဖော်ပြထားတဲ့ အကြောင်းအရာအများစုနဲ့ ဆက်စပ်နေတာကြောင့် ခက်ခဲမှုမရှိ ကျက်မှတ်သွားနိုင်ကြမှာ ဖြစ်ပါတယ်။

Chapter XI မှာ မျိုးရိုးဆက်ခံပုံကို ဖော်ပြထားတယ်။ ဒီ chapter XI မှာလည်း မျိုးရိုးဆက်ခံခြင်းကို ဖြစ်ပေါ်စေတဲ့ genes များအကြောင်းကို နားလည်ထားမယ်ဆိုရင် Genetics မျိုးရိုးဆက်ခံခြင်းကို သဘောပေါက်နားလည်သွားနိုင်ပါတယ်။ Heterozygous genotype မှ gametes (၂)မျိုး Homozygous genotype မှ gamete (၁)မျိုး ထွက်တယ်ဆိုတဲ့ အခြေခံကို နားလည်ထားမယ်ဆိုရင် genetic problems များကိုလည်း တွက်တတ်ကြပါလိမ့်မယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

# ဆေးရုံကို ပြည်သူလူထု အားကိုးလာပြီး အသုံးချမှု တိုးတက်လာရေး ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ချောက်မြို့နယ် ငွေးချို ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်း မြို့နယ် ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်များ၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဆောက်လုပ်ဆဲအဆောင်များကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်သည်။**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ငွေးချို ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ကျန်းမာရေးဌာန အဆောက်အအုံပြီးစီးမှု အခြေအနေနှင့် သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံကျန်းမာရေးဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ငွေးပင် ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိကာ ဌာနအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်းခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ လူနာဆောင်များ၊ ဆေးရုံဝန်းကျင်နှင့် ရောဂါတိုက်ဖျက်ရေးဌာနများကို လှည့်လည်စစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆေးရုံကို ပြည်သူလူထု အားကိုးလာပြီး ပြည်သူများက ဆေးရုံအသုံးချမှု ပိုမိုတိုးတက်လာရေး၊ ကျန်းမာရေးအသိပညာ ပေးခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(မကွေး)သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ မိမိတို့ သင်ယူရမည့် ဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားကြရန်၊ ပြည်သူများ အားကိုးကြရမည့် ဆရာဝန်ကောင်းများ ဖြစ်လာရေး ရည်မှန်းထားရှိရန် မှာကြားပြီး ဆေးတက္ကသိုလ်(မကွေး)မှ ဆရာ၊ ဆရာမများကို တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် မြန်မာစံတော်ချိန် ၀၃ နာရီ ၂၀ မိနစ် ၃၁ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်အနောက်မြောက်ဘက် မိုင် ၄၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်သည်။**

## မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇ စတင်ကျင်းပ ပုလဲအတွဲပေါင်း ၅၁၅ တွဲ ရောင်းချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**နိုင်ငံတော် ဝင်ငွေတိုးတက်ရရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၏ "မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇" (Myanmar Pearl Auction-2007) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ်အင်းယားလိတ်ဟိုတယ်၌ စတင်ကျင်းပသည်။**

အဆိုပါ "မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇"တွင် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများနှင့် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း ထုတ်လုပ်လျက်ရှိသော နိုင်ငံသား၊ ပုဂ္ဂလိက လုပ်ငန်းရှင်များပိုင် ပုလဲများအပါအဝင် စုစုပေါင်း ပုလဲအတွဲပေါင်း ၅၁၅ တွဲ၊ ပုလဲလုံးရေ ၉၄၃၁၉ လုံး၊ အလေးချိန် ၅၆၁၈၈ ဒသမ ၅၅ မိုမိကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁



"မြန်မာ့ပုလဲ ရောင်းချပွဲ-၂၀၀၇"တွင် ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်များ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

## တုပ်ကွေးကာကွယ်ဆေး ထိုးပြီး လေ့ကျင့်ခန်းလုပ်လျှင် အစွမ်းပိုထက်မြက်ဟုဆို

### အင်တာနက် ကျန်းမာရေးသတင်း

**နယူးယောက် ဖေဖော်ဝါရီ ၂၁**

တုပ်ကွေးရောဂါ ကာကွယ်ဆေး ထိုးနှံပြီးနောက် လေ့ကျင့်ခန်းများပြုလုပ်လျှင် ကာကွယ်ဆေး၏ အစွမ်းသတ္တိကို ပို၍ အကျိုးအာနိသင်ရှိစေနိုင်သည်ဟု ဗြိတိသျှ သုတေသီများက ထုတ်ဖော်ပြောကြားသည်။

ရိုးရှင်းသော နည်းလမ်းများကို လိုက်နာလုပ်ဆောင်ခြင်းဖြင့် ကာကွယ်ဆေး၏ တုံ့ပြန်နိုင်မှုစွမ်းအားကိုတိုးလာစေနိုင်သည့် နည်းနာကိုရှာဖွေရန် လေ့လာမှုပြုလုပ်ခဲ့သည်။ ယင်းသို့ ရှာဖွေရာမှ အထက်ပါ အချက်အလက်ကို သိရှိလာရခြင်းဖြစ်သည်ဟု ဘာမင်ဟန် တက္ကသိုလ်မှ သုတေသီ ဒေါက်တာကိတ်အက် ဒဝပ်က ပြောကြားသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းအားဖြင့် လူတစ်ဦး၏ကိုယ်ပေါ်တွင် ထိုးထားသော တုပ်ကွေးကာကွယ်ဆေးသည် ရောဂါပိုးကို တိုက်ဖျက်နိုင်သည့် ပဋိပစ္စည်းများ ပို၍ ထုတ်လုပ်ပေးသည်ကို တွေ့ရသည်ဟုဆိုသည်။ ယခု တွေ့ရှိချက်ကို ဖော်ထုတ်နိုင်ရန် စေတနာ့ဝန်ထမ်း စမ်းသပ်ခံသူ လူငယ် ၆၀ တို့၏ အကူအညီကို ရယူ စမ်းသပ်လေ့လာခဲ့ရသည်။

ဤလေ့လာတွေ့ရှိချက်များကို "ဦးနှောက်၊ အမူအကျင့်နှင့် ကိုယ်ခံစွမ်းအား"ဟု အမည်ရသည့် ဆေး ပညာဂျာနယ်တွင် ရေးသားဖော်ပြထားသည်။ **အင်တာနက်။**

## NLD ပါတီအပေါ် အယုံအကြည် မရှိတော့သဖြင့် မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် တစ်ဦး အပြီးအပိုင် နုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**မန္တလေးတိုင်း မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးသောင်းမြင့်သည် ဇန်နဝါရီ ၁၆ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်း၏ ဆန္ဒအလျောက် နုတ်ထွက်လွှာကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာ ပေးပို့ နုတ်ထွက်ခဲ့သည်။**

မတ္တရာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိသဖြင့် NLDပါတီနှင့် ပါတီလုပ်ငန်းများအပေါ် အယုံအကြည်မရှိတော့သဖြင့် မိမိဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ အပြီးအပိုင် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)